
jrefmjynftmPm&Swvhukfkufpepfvus

E,fcSufhßOf,ye,frlrsm;ukdtoj;jyKykEan

ebfad;tusOf,fom;rsm;\ tawGukrsl;



နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)
နိုဝင်ဘာလ ၂၀၁၉

ဆက်သွယ်ရန်
အမှတ် ၃၇၊ ဉသဿဖရားလမ်း၊ ၃၃ တိုးချဲ့ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Office: +95 (0) 9 254214175
email : info@aappb.org
website : www.aappb.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျေးဇူးတင်လွှာ | ၅ |
| ၂။ | သုတေသန လုပ်ထုံးလုပ်နည်း | ၆ |
| ၃။ | မြန်မာပြည် အကျဉ်းထောင်များမြေပုံ | ၈ |
| ၃။ | နှိပ်စက်ညှဉ်းပန်းရသည့် အကြောင်းအရင်း | ၉ |
| ၄။ | အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် နှိပ်စက်ညှဉ်းပန်းခြင်း အကျဉ်းချုပ် | ၁၀ |
| ၅။ | ပြင်းထန်သော ညှန်းပန်းနှိပ်စက်မှုများဖြစ်ရပ် | ၁၂ |
| ၆။ | ညှဉ်းပန်းနှိပ်စက်မှု အနေအထားပုံစံများ | ၁၄ |
| ၇။ | ဖိစီးမှုအနေအထား ပုံစံများ | ၁၅ |
| ၈။ | လိင်ပိုင်းဆိုင်ရာတလွဲ ကျင့်ကြံမှု | ၁၈ |
| ၉။ | လူ့ဂုဏ်သိက္ခာကို ယုတ်ညံ့စေသော နှိပ်စက်ခြင်း | ၂၀ |
| ၁၀။ | မိသားစုဝင်များအား နှိပ်စက်ညှဉ်းပန်းခြင်း | ၂၂ |
| ၁၁။ | နှိပ်စက်ညှဉ်းပန်းမှု၏ ကွဲပြားခြားနားသည့် အစမ်းသပ်ခံပုံစံများ | ၂၅ |
| ၁၂။ | တိရိစ္ဆာန်များကို အသုံးပြုခြင်း | ၂၉ |
| ၁၃။ | အမျိုးသမီးအကျဉ်းသူများ | ၃၀ |
| ၁၄။ | အထွေထွေကိစ္စများ | ၃၂ |
| ၁၅။ | နှိပ်စက်ညှဉ်းပန်းမှု၏ ရေရှည်ထိခိုက်မှုများ | ၃၄ |
| ၁၆။ | နှိပ်စက်ညှဉ်းပန်းမှုများကို တားမြစ်ထားသည့် ပြည်တွင်းဥပဒေများ | ၃၇ |
| ၁၇။ | နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်သည့် နိုင်ငံတကာဥပဒေများ | ၃၉ |
| ၁၈။ | ပြန်လည်ကုစားပေးလျော်ရန် လိုအပ်မှု | ၄၁ |
| ၁၉။ | နိဂုံးချုပ် | ၄၄ |
| ၂၀။ | အကြံပြုချက်များ | ၄၆ |

# ကျေးဇူးတင်လွှာ

ယခုသုတေသနစီမံချက်သည် နိုင်ငံခြားရေးဝန်ကြီးဌာန (ချက်ပြည်သူ့သမ္မတနိုင်ငံ)နှင့် မြန်မာပြည် ရန်ကုန်မြို့ရှိ ချက်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၏ ကူညီထောက်ပံ့မှုဖြင့် ဖြစ်ပေါ်လာခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများ၊ အချက်အလက်ကောက်ခံမှု၊ အချက်အလက်စိစစ်မှု၊ အစီရင်ခံစာရေးသားမှုများကို ဆောင်ရွက်ခဲ့သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) သုတေသန အဖွဲ့နှင့် အစီရင်ခံစာကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပေးခဲ့သော ကိုတင်မောင်ထွေး တို့အား မိမိတို့ အနေ ဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများကို သုံးသပ်တင်ပြထားသည့် အစီရင်ခံစာတစ်စောင် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်နိုဗင်ဘာလမှ စတင်ပြီး AAPP အဖွဲ့သည် စစ်အစိုးရအာဏာရှင်လက်ထက်အတွင်း နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကို စာရင်းသွင်း အထောက်အထားပြု သိမ်းထားနိုင်ရန် နိုင်ငံအနှံ့ အကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်များကို ကောက်ယူထိန်းသိမ်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခံရမှု၊ အကျဉ်းကျမှုဖြစ်စဉ်သမိုင်း၊ လှုပ်ရှားမှုများ၊ အတွေ့အကြုံများကို အသေးစိတ် စာရင်းပြုစုခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံအနှံ့ အကျဉ်းထောင်များ၊ စစ်တပ် စစ်ကြောရေးစခန်းများ၊ ရဲစခန်းများတွင် ဆောင်ရွက်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများကို အသေးစိတ် တင်ပြထားပါသည်။ ထို့ပြင် AAPP သည် ၂၀၁၅ ခုနှစ်မှ စတင်ပြီး နှိပ်စက်ညှဉ်းပန်းခံရသူတို့ကို ချက်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် အကူအညီများ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ AAPP အနေဖြင့် ယခုလို နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးစီ ၏ အတွေ့အကြုံများကို စုစည်းမှတ်တမ်းတင်ပြခြင်းဖြင့် ထိုသူတို့၏ ဒီမိုကရေစီရရှိရန် အတွေ့အကြုံများနှင့် ရင်းနှီးပေးဆပ်ခဲ့မှုများကို နောင်မျိုးဆက်များအတွက် ထိန်းသိမ်းမှတ်တမ်းတင် ထားစေလိုသော အဓိကရည်ရွယ်ချက် ဖြစ်ပါသည်။ အများစုအချက်အလက်များသည် ၁၉၈၈ - ၁၉၉၀ ခုနှစ် အလွန် ဖြစ်စဉ်များဖြစ်ပြီး ရွှေဝါရောင်တော်လှန်ရေးအလွန် ဖြစ်ရပ်များကိုလည်း ၂၀၁၂ ခု နှစ်အထိ စုစည်းဖော်ပြထားပါသည်။ တွေ့ဆုံမေးမြန်းချက်များကို ရုပ်ပိုင်းစိတ်ပိုင်း ပြင်းပြင်းထန်ထန် ထိခိုက်စေသည့် နှိပ်စက်ညှဉ်းပန်းမှုများအား အသေးစိတ်မှတ်တမ်း တင်နိုင်ရန်နှင့် မြန်မာပြည် စစ်ကြောရေးစခန်းများ၊ အကျဉ်း

ထောင် များတွင် နိုင်ငံရေး အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုများ၊ တလွဲကျင့်မှုများကို အသေးစိတ် ဖော်ပြနိုင်ရန် တည်ဆောက်ထားခဲ့ပါသည်။ ထိုတွေ့ ဆုံမေးမြန်းမှုများ အားလုံးသည်ရုံးတင်ပြစ် ဒဏ်မချ ခင် စစ်ကြောရေးတွင် စစ်ဆေးခံရစဉ်နှင့် အကျဉ်းသားများ ပြည့်ကျပ်နေပြီး တလွဲကျင့်ကြံမှုများဖြင့်ဆိုးဝါး သော အခြေအနေများရှိနေသည့် မြန်မာပြည် ၄၇ ထောင်ထဲမှ တစ်ထောင်ထောင်သို့ ပို့ဆောင် လိုက်စဉ် တို့မှ အခြေအနေများ ဖြစ်ပါသည်။

ယခုအစီရင်ခံစာသည် မြန်မာပြည်အနှံ့ အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများမှ ကွဲပြားခြားနားသော နှိပ်စက်မှုပုံစံများနှင့် တလွဲကျင့်သူတို့၏ စနစ်တကျအသုံးပြုပုံများကို အသေးစိတ် တင်ပြထားပါသည်။ နှိပ်စက်ညှဉ်းပန်းမှုနည်းစနစ်များနှင့်အသုံးပြုပုံများ၊ နိုင်ငံရေးလုပ်ဆောင်လိုစိတ်ပျက် ပြားအောင် ဖိနှိပ်သည့်နည်းများဖြင့် နှိပ်စက်ပုံ၊ နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ခဲ့ရသည့် ကြာမြင့်လှစွာ သော စိန်ခေါ်မှု အခက်အခဲ၊ မတူညီသော အတွေ့အကြုံများကို အသေးစိတ် ရေးသားထားပါသည်။ အကြံ ပြုချက်များကိုလည်း အစီရင်ခံစာ၏အဆုံးတွင် တင်ပြထားပါသည်။

နှိပ်စက်ညှဉ်းပန်းမှုများသည် နှစ်ကာလကြာရှည်ခဲ့ပြီး မေးမြန်းထားသူများည် လွတ်မြောက်ပြီး ဖြစ်သော်လည်း နှိပ်စက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ယနေ့တိုင် ထောင်ထဲတွင်ဖြစ်ပေါ် နေဆဲ ဖြစ်ပါသည်။ ထိုနှိပ်စက်မှုများနှင့် ထိန်းသိမ်းထားစဉ် တလွဲကျင့်ကြံမှုများသည် မြန်မာပြည်အတိတ် များ အဖြစ်သာ မဟုတ်ဘဲ လက်ရှိတွင်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိနေပြီး မတားဆီးပါက အနာဂတ် တွင် ထပ်မံဖြစ်ပွားနိုင်ပါသည်။ နှိပ်စက်မှုများသည် ဆက်လက်ဖြစ်ပွား နေဆဲဖြစ်ပါသည်။ ထိုဖြစ်ရပ်များ အတွေ့အကြုံများ အဖန်တလဲလဲ ဆက်လက်မဖြစ်ပွားစေရန် ဆောင်ရွက်မှုများကို အမြန်လုပ် ဆောင်ရပေ မည်။

# သုတေသန လုပ်ထုံးလုပ်နည်း

ယခုအစီရင်ခံစာသည် ၁၂၀ ဦးသော နိုင်ငံရေးအကျဉ်းသားများ၏ ကိုယ်ရေးအချက်အလက်များကို AAPP မှ ၄ နှစ်ကြာကာလအတွင်း ထိခိုက်နစ်နာသူများ၏ နှိပ်စက်ခံရမှုများကို ဗီဒီယိုမှတ်တမ်းတင် တွေ့ဆုံမေးမြန်း စုဆောင်းပြီး အသေးစိတ်စိစစ်ကာ ရေးသားထားခြင်းဖြစ်ပါသည်။ နိုင်ငံရေး အကျဉ်းသားများ၏ လုံခြုံရေးနှင့် လျှို့ဝှက်ရန်လိုအပ်မှုများကြောင့် အမည်နှင့် အခြားပုဂ္ဂိုလ်ရေးအကြောင်းအရာများကို လွှဲပြောင်းဖော်ပြထားပါသည်။ သူတို့၏ အတွေ့အကြုံများကို ထိန်းသိမ်းမှတ်တမ်းတင်ပြီး ယခုအစီရင်ခံစာတွင် သုံးစွဲခွင့်ကို နိုင်ငံရေးအကျဉ်းသားများအားလုံးထံမှ သဘောတူညီမှု ရရှိထား ပါသည်။

ယခုအစီရင်ခံစာကို ပြင်ဆင်နေသော အတောအတွင်း ကျွန်ုပ်တို့ဝန်ထမ်းများမှ မှတ်တမ်း တင်ထိန်းသိမ်းခြင်းနှင့် ဗီဒီယိုရိုက်ကူးရေးသင်တန်းများ တက်ရောက်ပြီး၊ အကြောင်းအရာများနေရာ ဌာနနှင့် ကျားမကွဲပြားမှုများပေါ် မူတည်၍ နှိပ်စက်ခံရသူများထဲမှ တူမျှသော ကိုယ်စားပြုမှုရရှိအောင်တွေ့ဆုံ မေးမြန်းနိုင်ရန် ရွေးချယ်မှုများ ပြုလုပ်ခဲ့ကြပါသည်။

မေးမြန်းချက်များကို မှတ်တမ်းတင်၊ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ကာ ရှင်းလင်းဖော်ပြနိုင်ရန် စိစစ်ပြီး အောက်ပါအစီရင်ခံကို တည်းဖြတ်ထုတ်ဝေခဲ့သည်။

# မြန်မာပြည် အကျဉ်းထောင်များ မြေပုံ



# နှိပ်စက်ညှဉ်းပန်းရခြင်း အကြောင်းရင်း

နှိပ်စက်ညှဉ်းပန်းခြင်းကို အဓိကအုပ်စုနှစ်ခုဖြစ်သောရဲနှင့် စစ်ထောက်လှမ်းရေးမှပြုလုပ်သည်။ ရဲနှင့် စစ်တပ်ထောက်လှမ်းရေးက နှိပ်စက်ညှဉ်းပန်းမှုကို အကျဉ်းသားများအပေါ်တွင် သူတို့၏လုပ်ငန်းစဉ်၊ လုပ်ဖော်ကိုင်ဖက်များ၊ လှုပ်ရှားမှုများ သတင်းအချက်အလက်ထုတ်ယူရာတွင် အဓိကအားဖြင့် အသုံးပြုသည်။ စစ်ကြောရေးကာလအတွင်း ဆိုးဝါးစွာ နှိပ်စက်ညှဉ်းပန်းခံရသည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများက အစီရင်ခံကြသည်။ နှိပ်စက်သူတို့က နိုင်ငံရေးအကျဉ်းသားများအပေါ်တွင် ဖိနှိပ်ခြင်း၊ နှိပ်ကွပ်ခြင်း၊ လက်စားချေခြင်းများကို အသုံးပြုခဲ့သည်။ တစ်ခါတစ်ရံရဲများ စစ်တပ်ထောက်လှမ်းရေးအဖွဲ့များက နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၏ လုပ်ဆောင်မှုများကြောင့် အထက်အရာရှိများမှ သူတို့ကို အပြစ်တင်ရှုတ်ချခံခဲ့ရ မှုများအပေါ် ပြန်လည်လက်စားချေကြခြင်းဖြစ်သည်။

ထို့အပြင် အကျဉ်းထောင်အာဏာပိုင်များကလည်း နိုင်ငံရေးအကျဉ်းသားများကို ဖိနှိပ်ခြင်း၊ လူ့ဂုဏ်သိက္ခာနိမ့်ကျအောင် နှိပ်ကွပ်ခြင်းများကို အသုံးပြုပြီး အကျဉ်းသားများထံမှ လုပ်ဆောင်မှုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ထုတ်ယူခဲ့ကြသည်။ ထို့ပြင် ခြင်ထောင်ဖြင့် မအိပ်ရခြင်း၊ အခြားအကျဉ်းသားများဖြင့် ဆက်သွယ်ခွင့်မရခြင်း စသည့် ထောင်တွင်းစည်းမျည်းများကို ချိုးဖောက်သည်ဟူသော အကြောင်းပြချက်များစွာလည်း ပါဝင်သည်။

# အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် နှိပ်စက်ညှဉ်းပန်းခြင်း – အကျဉ်းချုပ်

မိမိတို့၏တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ထားမှုများတွင်အမျိုးမျိုးသောနှိပ်စက်ညှဉ်းပန်းမှုပုံစံများ ပါရှိသည်။ အောက်တွင်ဖော်ပြထားသည့်အမျိုးမျိုးသောနှိပ်စက်မှုပုံစံများနှင့်နိုင်ငံရေးအကျဉ်းသားများကို စစ်ဆေးသည့်ကာလနှင့် ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် နှိပ်စက်ညှဉ်းပန်းသည့် နည်းစနစ်များကိုလည်း မှတ်တမ်းတင်ထားပြီး အကြောင်းအရာအလိုက် ခွဲခြားပေးထားသည်။ နိုင်ငံရေးအကျဉ်းသား ဟောင်းများ နှင့် ယခင်တွေ့ဆုံမေးမြန်းမှုများမှ ထုတ်နုတ်ပြီး အကျဉ်းထောင်အတွေ့ အကြုံများကိုပါ ဖော်ပြထားပါ သည်။ ဤနေရာတွင် မှတ်သားထားသင့်သည်မှာ အကျဉ်းသား တစ်ဦးချင်းစီအတွက် အမျိုးမျိုးသောနှိပ် စက်ညှဉ်းပန်းမှုများမှာ အကုန်တူညီသလောက်ဖြစ်နေပြီး အာဏာပိုင်များဆောင်ရွက်ခဲ့သည့် ထိုနှိပ်စက် ညှဉ်းပန်းမှုပုံစံများကို ဤအစီရင်ခံစာတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြမည်မဟုတ်ပါ။

မိမိတို့တွေ့ရှိခဲ့သည့် ဘုံတူညီသော နှိပ်စက်ညှဉ်းပန်းမှု အမျိုးအစားများမှာ –

- မျက်လုံးပိတ်ပြီး မမြင်ရအောင်လုပ်ခြင်း
- ခေါင်းကိုအိတ်စွပ်ခြင်း
- ရိုက်နှက်ခြင်း
- ထိုးကြိတ်ခြင်း
- ကန်ကျောက်ခြင်း
- ဖိစီးစေမှုပုံစံအနေအထားဖြင့် ရပ်စေပြီး ခြေဖနောင့်အောက်တွင် သံချောင်းများ ထားရှိခြင်း
- ဆေးလိပ်မီးဖြင့် ထိုးမြိုက်ခြင်း
- ဗို့အားမြင့် လျှပ်စစ်ဖြင့် (ကိုယ်ခန္ဓာ၊ လိင်အင်္ဂါများကို) ရှော့ရိုက် စစ်ဆေးခြင်း

- သံမီးပူဖြင့် ထိကပ်လောင်မြိုက်စေခြင်း
- ခန္ဓာကိုယ်ပေါ် အဆိပ်ရှိ သတ္တဝါများ ဖုံးအုပ်တင်ထားခြင်း
- သံပိုက်လုံးတစ်လုံးဖြင့် ခြေသလုံးရိုးပေါ် လိှမ့်ခြေခြင်း
- မျက်နှာကြက်မှ ဇောက်ထိုးချည်ထားခြင်း
- ဦးခေါင်းထိပ်ပေါ်သို့ ထပ်ကာထပ်ကာ ရေစက်ချ နှိပ်စက်ခြင်း
- နာကျင်နေသော နေရာတစ်နေရာတည်းကို မာကျောသောအရာဖြင့် အကြိမ်များစွာ ရိုက်နက်ခြင်း

# ပြင်းထန်သော နှိပ်စက်ညှဉ်းပန်းမှုများ ဖြစ်ရပ်များ

ပြင်းထန်သော နှိပ်စက်ညှဉ်းပန်းမှုသည် ပုံမှန်လိုဖြစ်ပြီး အကျဉ်းသားတစ်ယောက်စီ၏ ကိုယ်ရေး အချက်အလက်များကို စစ်ဆေးပြီးနောက် အကျဉ်းသားများ၏ တိကျသေချာသော သက်သေများ ဖြစ်သည့် အဆက်မပြတ် ကြိမ်ဖန်များစွာ လက်သီးဖြင့်၊ တုတ်ဖြင့်၊ အခြားသောကိရိယာများဖြင့် ရိုက်နှက်ခြင်းများကို တွေ့ရှိခဲ့ရသည်။ ထိုကဲ့သို့နှိပ်စက်ညှဉ်းပန်းမှုများကို ဘယ်ကဲ့ သို့မျိုး ရင်ဆိုင်ခံစားခဲ့ရမှု၊ဆိုးဝါးသော အခြေအနေများစွာကိုကြုံတွေ့ခဲ့ရမှုများကို ဖော်ပြနိုင်ရန် အကျဉ်းသားတစ်ဦးချင်းစီ၏အတွေ့အကြုံ အနည်းငယ်စီ ရွေးချယ်ခဲ့ပါသည်။

ထိုနှိပ်စက်ညှဉ်းပန်းမှုများသည် ကနဦး စစ်ကြောရေးကာလများတွင် အထူးသဖြင့် စစ်ထောက်လှမ်းရေးမှ အဓိကပြုလုပ်လေ့ရှိပြီး ဘုံတူညီမှုရှိပါသည်။ ထို့ပြင် အကျဉ်းသားများ ထောင်ချခံရပြီးနောက် ထောင်ဝန်ထမ်းအစောင့်များကလည်း သုံးစွဲတတ်သည်။

- ၁၉၈၉ နိုဝင်ဘာလတွင် အကျဉ်းသားတစ်ဦးကို သူ၏ မြေအောက်လှုပ်ရှားမှုများကြောင့်ရဲတပ်ဖွဲ့နှင့် စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးခဲ့သည်။ အဖမ်းခံရပြီးနောက် သူ့ကို မျက်စိပိတ်မမြင်ရအောင် လုပ်ထားကာ လက်များကိုလည်း နောက်ပြန်လက်ထိပ်ခတ် ခံထားရပြီး ၁၀ ရက်ကြာအောင် စစ်ဆေးခံခဲ့ရသည်။ သူ့ကို ဖိစီးမှုပုံစံအနေအထားဖြင့် (ခြေဖနောက်ထောက်ပြီး လူတစ်ကိုယ်လုံးအလေးချိန်ကို ကွက်သားတွင် ဖိစီးနာကျင်စေကာ ပေါင်ကိုမြေပြင်နှင့် အပြိုင်ထားစေသောပုံစံ) ဖြင့် အကြိမ်များစွာ အတင်းအကျပ်နေစေခဲ့သည်။ အကျဉ်း သားအား ၁၀ ရက်လုံး သတ္တုပိုက်များဖြင့် ရိုက်နှက်ခြင်း၊ ကန်ကျောက်ခြင်း၊ တစ်ကိုယ်လုံးကို ပြင်းပြင်းထန်ထန် ထိုးခြင်း၊ နားကိုထုခြင်း၊ မျက်နှာကြက်တွင် နစ်ကြိမ်မျှ တစ်ကြိမ်လျှင် မိနစ် ၂၀ ခန့် ဇောက်ထိုး ချိတ်ဆွဲထားခြင်းတို့ကို ပြုလုပ်ခံခဲ့ရသည်။ ရလဒ်အဖြစ် ထိုအကျဉ်းသားသည် ထိုနှိပ်စက်မှုများကြောင့် ကာလကြာမြင့်စွာ ဒဏ်ရာများခံစားရရှိခဲ့ပြီး ရွေ့လျားသွားလာ လှုပ်ရှားမှုများတွင် ပြင်းထန်ထိခိုက် ခံစားနေရသည်။

- ၁၉၉၀ ပြည့်နှစ်တွင် ပြည်သူ့တိုးတက်ရေးပါတီမှ အတွင်းရေးမှူးတစ်ယောက်ကို မန္တလေး စစ်ထောက်လှမ်းရေးအဖွဲ့(၁) ကအရေးပေါ်စီမံချက်အက်ဥပဒေပုဒ်မ၅(ည) အရမန္တလေး၌ဖမ်းဆီးခဲ့သည်။ သူ့ကို စစ်ဆေးသည့် ကာလတစ်လျှောက် အခန်းတစ်ခန်းတွင် ထည့်ထားကာလက်ထိပ်နောက်ပြန်ခတ် မျက်လုံးပိတ်ထားပြီး စစ်ဆေးခဲ့သည်။


သူ့ကို ၁၁ ရက်ကြာ နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။ စစ်ဆေးမေးမြန်းသူများက သူ့ကို ထိုးနက်ကန်ကျောက်ပြီး မမေ့မချင်း ခန္ဓာကိုယ်ကို အကြိမ်များစွာ လျှပ်စစ်ရှော့တိုက်မှုများ ပြုလုပ်ခဲ့သည်။ နောက်တစ်နေ့မနက်တွင် သူပြန်လည်သတိရလာသောအခါ၌ စစ်ဆေးသူတို့က သူတို့ရယူလိုသည့် အဖြေကို မရသေးသောကြောင့် ဆက်လက်လျှပ်စစ်ရှော့တိုက်ပြီး အဖြေတစ်ခုခုပေးသည့်တိုင်အောင် နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။

Torture Positions


# နှိပ်စက်ညှဉ်းပန်းမှု အနေအထားပုံစံများ



မော်တော်ဆိုင်ကယ်စီးနေသည့်ပုံ အနေအထား အကျဉ်းသားသည် လက်ကို ခန္ဓာကိုယ်ရှေ့တွင်ထားရှိစေပြီး တစ်ဝက်ထိုင် ပုံစံဖြင့် ဒူးခေါက်ကွေးနေ စေသည်။ တစ်ခါ တစ်ရံ သံချောင်းများကို ဖနောက်အောက်တွင်ထားရှိ စိုက်ထားတတ်သည်။



လေယာဉ်ပျံအနေအထားပုံစံတွင် အကျဉ်းသားသည် လက်များကို ဘေးဘက်သို့ ဆန့်ထုတ်စေပြီး ခြေထောက်တစ်ချောင်းတည်းပေါ်တွင် ရပ်စေကာ ခါးကိုကိုင်းနေစေသည်။



စစ်ကြောရေးဆောင်ရွက်လျှင် မကြာခဏ သုံးစွဲနေကြ အပြစ်ဒဏ်ပေးမှု ပုံစံအနေအထားတစ်မျိုး

# ဖိစီးမှုပုံစံအနေအထားများ

မိမိတို့ တွေ့ဆုံမေးမြန်းခဲ့ရသော အကျဉ်းသားအားလုံးနီးပါးသည် ဖိစီးမှုပုံစံ အနေအထားမျိုးစုံဖြင့် အကြိမ်ကြိမ် နာရီပေါင်းများစွာ အတင်းအကျပ်နေခိုင်းခံခဲ့ကြရသည်ဟု တင်ပြကြသည်။ ထိုဖြစ်စဉ်သည် မယုံနိုင်လောက်အောင် ပုံမှန်လိုဖြစ်နေတတ်ပြီး ယနေ့တိုင် မြန်မာနိုင်ငံတွင် ဆက်လက်ကျင့်သုံးနေသေးသည်။ ထိုအနေအထားဖြင့် အချိန်ကြာမြင့်စွာ နေစေခြင်းသည် ကြွက်သားများကို ပျက်စီးစေပြီး ပြင်းထန်သော ကာလရှည်နာကျင်ထိခိုက်ပျက်စီးမှုကို ခံစားရပေမည်။ အောက်တွင် ဖိစီးမှုအနေအထားပုံစံများကို အကျဉ်းသားဟောင်းတစ်ဦးမှ သရုပ်ဖော်ပြသထားသည့် စာရင်းနှင့် ဖော်ပြချက်များပါရှိသည်။

အောက်တွင် ဘုံတူညီသော ပုံစံအနေအထားသုံးခုကို စာရင်းပြု ဖော်ပြထားသည်။



ခြေထောက်ချိတ်ထိုင်ပြီး လက်ကိုဆန့်ထုတ် တင်ထားရသည်။



ရပ်လျက်အနေအထားဖြင့် ဦးခေါင်းကိုစိုက်ချ ထားရပြီး လက်ကို ပေါင်ခြံနားတွင် ယှက်လျက် ထားရှိရသည်။




ဖင်ထိုင်ချလျက်ကို ထောင်ထားသောဒူးပေါ်တွင် လက်ကိုဆန့်ထုတ်ရပြီး မျက်နှာကို အောက်ချ စေပြီး နေရသည်။



ပုံစံကြီးအနေအထားသည် အချိန်ကြာမြင့်စွာ အတင်းအကျပ်နေခိုင်းသောအခါ အရိုးအကြော ချိတ်ဆက်နေသည့် နေရာများကို ဖိစီးနာကျင် စေသည်။



ဆီမီးခွက် ပုံစံအနေအထား။



ခြေချင်းခတ်ခံထားရသော အကျဉ်းသား

အကျဉ်းသားများကို လက်နှစ်ဖက်တွင်လည်း ကျောက်စရစ် လက်တစ်ဆုပ်စာစီ ကိုင်ထား၍ သီချင်း ဆိုစေ ကာ သူတို့၏ ဒူးခေါင်းနှင့် တံတောင်ဖြင့် တွားသွားလျက် ကျောက်စရစ်ခဲများပေါ်တွင် ဖိသွား စေပြီး လက်များ ခြေဖမိုးများကိုလည်း လေထဲတွင် ဆန့်ထားခိုင်းသည်။

# လိင်ပိုင်းဆိုင်ရာ တလွဲကျင့်ကြံမှု

တွေ့ဆုံမေးမြန်းချက်များတွင် လိင်ပိုင်းဆိုင်ရာ တလွဲကျင့်ကြံမှုများစွာကို တွေ့ရှိခဲ့သည်။ ၎င်းတို့ကို အောက်တွင် ရွေးချယ်ဖော်ပြထားသည်။

- ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် လက်နက်ကိုင် တိုင်းရင်းသားတစ်ဦးအား ရှမ်းပြည်နယ် မြေအောက်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်စဉ် ဖမ်းမိခဲ့ပြီး အိုးဘိုထောင်တွင် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်မချမှတ်မီ စစ်ထောက်လှမ်းရေးအဖွဲ့ (၉) မှ ထိန်းသိမ်းစစ်ကြောခဲ့သည်။ စစ်ထောက်လှမ်းရေးမှ စစ်ကြောမေးမြန်းနေစဉ်အတောအတွင်း သူ့ကို အဝတ်အစားများ ဆွဲချွတ်ပြီး ကိုယ်လုံးတီးဖြင့် နေစေကာ အဆက်မပြတ် အရိုက်အနက်ခံခဲ့ရသည်။ ဗိုလ်ကြီး နှစ်ယောက်က သူ့ကို ရိုက်နက်နေစဉ် စစ်တပ်ဗိုလ်မှူးတစ်ယောက်မှ သူ့ရှေ့တွင် ရပ်နေခဲ့သည်။ ထို့နောက် ညနေ (၆း၀၀) နာရီမှ ည (၁၀း၀၀) နာရီအထိ ကိုယ်တုံးလုံးဖြင့်နေခဲ့ရပြီး စစ်ကြောရေးကာလအတွင်း လိင်တလွဲကျင့်ကြံမှုကို တစ်ခါခံခဲ့ ရသည်။ ထိုနောက် စစ်ထောက်လှမ်းရေးအဖွဲ့ (၁) သို့ ပြောင်းရွှေ့စေခဲ့သည်။ စီရင်ချက်ချရန် စောင့်ဆိုင်းနေစဉ်အတွင်းလည်း နှိပ်စက်ညှဥ်းပန်းမှုများကို ဆက်လက် ခံစားခဲ့ရသည်။

- မည်သည့်နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ အဖွဲ့အစည်းများနှင့်မှ မသက်ဆိုင်သော အခြား တစ်ယောက်ကိုလည်း ၁၉၉၉ ခုနှစ်တွင် ၁၉၅၀ အရေးပေါ်အက်ဥပဒေ ပုဒ်မ ၅ (ည)၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁) နှင့် ၁၉၆၂ ပုံနှိပ်ထုတ်ဝေသူများအက်ဥပဒေ ၁၇ (၂၀) တို့ဖြင့် ဖမ်းဆီးပြီး စစ်ထောက်လှမ်းရေးအဖွဲ့ (၃) သို့ ခေါ်ဆောင်ခံရကာ မေးမြန်းမှုတစ်စုံတရာမရှိဘဲ ခန္ဓာ ကိုယ်တစ်ခု လုံးကို သစ်သားတုတ် ဖြင့် ချက်ချင်းရိုက်နက်ခံခဲ့ရသည်။ လက်ကို နောက်ကျောတွင်ထားကာ လက်ထိပ်ခတ်ခံခဲ့ရပြီး နာရီဝက်ကြာမှောက်လျက် သူ့ကျောပေါ်ကို လူများကထပ်နင်း ခဲ့ကြသည်။ ခြေထောက်များကို ကြိုးချည်ခံထားခဲ့ရသည်။ စစ်ဆေးရေးအရာရှိများက သူ့နောက်ကျောကို ဆေးလိပ်မီးဖြင့် ထိုးမြိုက်ပြီး သံချောင်းများဖြင့်လည်းထိုးကာ လိင်အင်္ဂါကိုလည်း သစ်သားတုတ်ဖြင့် အကြိမ်များစွာ ထုနက်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလထိတိုင် သူ့ကို လွှတ်မပေးခဲ့ကြပါ။

- ၁၉၈၉ ခုနှစ်တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးသည် ဖမ်းဆီးထောင်ချခံခဲ့ရပြီး အင်းစိန်ထောင်၊ သာယာဝတီထောင်နှင့် စစ်တွေထောင်များတွင် စစ်ကြောရေးအရာရှိများ၊ ရဲများ၊ ထောင် အာဏာပိုင်များ၏ မျက်စိပိတ်မမြင်အောင်ပြုလုပ်ထားခြင်း၊ ရော်ဘာတုတ်တံဖြင့် ခြေသလုံး ရိုးကို လိမ့်ခြေခြင်း၊ မျက်နှာ ရင်ဘတ်နှင့် အစာအိမ်နေရာများကို ကန်ကျောက် ထိုးနက်ခြင်းများ ကို အထူးရဲများမှ မရေမတွက်နိုင်အောင် လုပ်ဆောင်ခြင်းအား ခံခဲ့ရသည်။ စစ်ထောက်လှမ်းရေးအဖွဲ့ (၁) တွင် စစ်ကြောရေးသမားများ၏ စစ်မေးမှုကို ဖြေကြားရန် ငြင်းပယ်စဉ်တွင်လည်း ခွေးများဖြင့် ကိုက်စေခြင်း၊ လိင်အင်္ဂါကို မီးရှို့ခြင်းများကို ခံခဲ့ရသည်။ မန္တလေးနန်းတွင်း ထောင်ရှိ ထောင်ဝန် ထမ်းများ၏ ၇ ရက်ကြာ ထမ်းပိုး၊ ဝါယာကြိုး၊ ကြိမ်လုံးများဖြင့် ရိုက်နှက် ခြင်းကိုလည်း ခံခဲ့ရသည်။

- ၁၉၉၆ ခုနှစ်တွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးကို ဒဂုံမြောက်ပိုင်းမြို့နယ်တွင် စစ်ထောက်လှမ်းရေးများက ဖမ်းဆီးပြီး ရေကြည်အိုင် စစ်ကြောရေးစခန်းသို့ ခေါ်ဆောင်သွားကာတစ်လကြာအောင် စစ်ကြောမေးမြန်းခဲ့ကြသည်။ မျက်စိကို ဖုံးပိတ်ထားခြင်း၊ မျက်နှာကို အကြိမ်ကြိမ်ကန်ကျောက်ခြင်း၊ ကြိမ်နှင့်ရိုက်ခြင်းများ လုပ်ဆောင်ပြီး စစ်ကြောမေးမြန်းခဲ့ ကြသည်။ ပထမဦးစွာ အတင်းအကျပ် ဒူးထောက်စေပြီး ကျောကို ကြိမ်ဖြင့်ရိုက်နှက်ခံရသည်။ ထို့နောက် အဝတ်ကို ဆုတ်ဖြဲပြီး ကိုယ်တုံးလုံးဖြင့် ရပ်ခိုင်းကာ ကြိမ်လုံးဖြင့် ဆက်လက်ရိုက်နှက်ခဲ့ကြသည်။ စစ်ကြောရေးရလဒ်အဖြစ် သူ့မျက်နှာနှင့် နားနှစ်ဖက်ကို သွားများကျိုး၊ အကြားအာရုံပျက်သည်အထိ ရိုက်နှက်ခဲ့ကြသည်။ လူ ၅ ယောက်လောက်က ဆိုးဝါးစွာ ဝိုင်းရိုက်ခြင်းကိုခံရပြီး သူသတိမေ့မျော သွားသည်။ ဆေးဘက်အရာရှိတစ်ယောက်က အကြောဆေး သွင်းပေးသောကြောင့် သတိပြန်ရသော အခါ ဆက်လက်ရိုက်နှက်ကြသည်။ သူ့ကိုရိုက် နှက်နေစဉ် အခြားနိုင်ငံရေး အကျဉ်းသားများကိုလည်း အတင်းကြည့်ခိုင်းကြသည်။ သူ့ကို ထောင်ထဲတွင် ထားရှိသည့် ကာလတစ်လျှောက်တွင်လည်း ဥပဒေအရ ရှေ့နေကိုယ်စားလှယ် ရရှိမှုနှင့် ဥပဒေ၏ အကာအကွယ် ခုခံပိုင်ခွင့်ကိုလည်းငြင်းပယ်ခံခဲ့ရသည်။ အစားအသောက်ရရှိခွင့်တွင်လည်းတလွဲကျင့်ကြံခံခဲ့ရသည်။ သတ်မှတ်ထားသော ထမင်း စားချိန်တွင် ထောင်ဝန်ထမ်းများ၏ ထမင်းမပေးခြင်း ငြင်းပယ်ခြင်းများကို မကြာခဏခံခဲ့ရပြီး အခြားထောင်သားများ စားနေသည့်အချိန်တွင်

တစ်ခါတစ်ရံ ထမင်းမပေးခြင်းကိုလည်း တွေ့ကြုံခဲ့ ရသည်။ ယခုအခါ သူလွတ်မြောက်လာပြီး နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည့် အတွေ့အကြုံများကြောင့် နလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွားမရှိတော့ခြင်းနှင့် နားပင်းခြင်းများကို ခံစားနေရပေသည်။

■ အခြားနိုင်ငံရေးအကျဉ်းသားတစ်ဦးဆိုလျှင် စစ်ထောက်လှမ်းရေး စစ်ကြောရေးစခန်းတွင် သူ့လိင်အင်္ဂါအား တုတ်ဖြင့် မိနစ် ၃၀ ကြာ ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။

# လူ့ဂုဏ်သိက္ခာကို ယုတ်ညံ့စေသော နှိပ်စက်ခြင်း

■ မှတ်တမ်းတင်ထားသည့် အခြားသော နှိပ်စက်မှုများသည် ရုပ်ပိုင်းဆိုင်ရာသာမက အကျဉ်း သားများကို အရှက်ရစေမည့် လူ့ဂုဏ်သိက္ခာ ယုတ်ညံ့စေသည့် စော်ကားခြင်းများကိုပါ ဆောင်ရွက်ခဲ့သည် များကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုအကြောင်းများကို စာရင်းပြု၍ အောက်တွင် ဖော်ပြထား ပါသည်။

■ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးအား စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးပြီး စစ်ထောက်လှမ်းရေးအဖွဲ့ (၁၆) သို့ ပို့ဆောင်ကာ ၉ လေးလုံးလှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုဖြင့် အရေးပေါ်ပြဋ္ဌာန်းချက် အက်ဥပဒေ (၁၉၅၀) ပုဒ်မ ၅ (ည) တို့ဖြင့် စွဲချက် တင်ခဲ့သည်။ သူ့ကို စစ်ထောက်လှမ်းရေးများက ခေါင်းစွပ်စွပ်ထားပြီး ပြင်းထန်စွာ ရိုက်နှက်ခဲ့ကြသည်။ ထိတ်လန့် တုန်လှုပ်နေစဉ်တွင်လည်း ဆေးလိပ်များကို အတင်းစားစေပြီး ထပ်မံရိုက် နှက်ကြသည်။ စစ်မေး သူက ရဲကိုင်နံပါတ်တုတ်ကို သူ၏ပါးစပ်ထဲ ထိုးထည့်လိုက်ပြီး ပါးစပ်အတွင်းပိုင်းကို ဆောင့်ထိုးခဲ့သည်။ နောက်ဆုံး အိုးဘိုထောင်တွင် သူ့ကို ၇ နှစ်အပြစ်ဒဏ် ချမှတ်ခဲ့သည်။

■ ရွှေဝါရောင်တော်လှန်ရေးတော်လှန်ရေးအပြီးတွင် ယခင်က ထောင် ၃ ကြိမ်ကျထားခဲ့ပြီး သောအသက်ကြီးပိုင်း တက်ကြွလှုပ်ရှားသူတစ်ဦးကိုလည်း မန္တလေးနန်းတွင်းထောင်တွင် ဖမ်းဆီး ထောင်ချခဲ့သည်။ ယခင်က နှိပ်စက်ညှဉ်းပန်းမှုကြောင့် သူ၏ကျန်းမာရေးအခြေအနေအကောင်း

ကြီး မဟုတ်ခဲ့ပေ။ ယခင်ရိုက်နှက်ခံရမှုတို့ကြောင့်လည်း သွားများကျိုးပဲ့ပျက်စီးနေပြီး ထိုသို့ ပျက်စီးနေ သောသွားများဖြင့် အစာမာမာများ မစားနိုင်သည်ကိုသိသော စစ်ဆေးရေး အရာရှိတို့က မာကြော သော ကြက်သွန်ကြော်နှင့် ဘူးသီးကြော်များကို အတင်းစားခိုင်းခဲ့သည်။ ထိုနောက် ရေဒိုးကိုပြပြီး ယူသောက်ခွင့် မပြုပေ။ သူ့ခန္ဓာကိုယ်အနံ့ဆေးလိပ်မီးဖြင့် ထိုးခြေခံခဲ့ရသည်။ သူ့ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖမ်းဆီးခဲ့သော်လည်း ၂၀၁၃ ခုနှစ်တိုင်အောင် မလွှတ်ပေးခဲ့ပေ။

■ ၂၀၀၈ ခုနှစ်တွင် အကျဉ်းသားတစ်ယောက်ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၃ (၁)၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁) နှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၅ နှင့် ၆ များဖြင့် ဖမ်းဆီးခဲ့ပြီး အစားအစာမပေးဘဲ ရိုက်နှက်ခဲ့ကြသည်။ ၉ ရက်ကြာ နှိပ်စက်ညှဉ်းပန်းပြီးနောက် သူသည် မတ်တပ်မရပ်နိုင်တော့ဘဲ ဆိုးရွားသော ဒဏ်ရာများဖြင့် အစာရေစာ ငတ်မွတ်စွာ နေခဲ့ရသည်။ အစာရေစာ ငတ်မွတ်နေ ချိန်တွင် အစောင့်များက သူ့ရှေ့တွင် အားဖြည့်အချိုရည်များသောက်ပြခြင်း အစာစားခြင်း များကိုပြုလုပ်ခဲ့ကြသေးသည်။

■ ၁၉၉၁ ခုနှစ်အကုန်တွင် EAO တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုနှင့် သက်ဆိုင်သော အကျဉ်းသားတစ်ဦးကို ကရင်ပြည်နယ်တွင် ဖမ်းဆီးခဲ့သည်။ အဖမ်းခံရပြီး ၃ ရက်အကြာတွင် ဘိုကလေး အထူးစစ်ဆင်ရေးစီမံခန့်ခွဲရေးရုံးသို့ လှေဖြင့်ပို့ဆောင်လိုက်ကြသည်။ ဘိုကလေးသို့ ကူးပြောင်းစဉ်တွင် လှေထဲ၌ သူ့ကို အတင်းလှဲချနေစေပြီး တခြားသူများက သူ၏ကျောပေါ် နင်းလျှောက်သွားကြသည်။ ဘိုကလေးသို့ရောက်သောအခါတွင်လည်း နှိပ်စက်မှုတို့က ဆက်ဖြစ်နေ ဆဲဖြစ်သည်။ သူ၏ခြေသလုံးရိုးပေါ် သံပိုက်လုံးဖြင့်လှိမ့်၊ ပုခုံးထိပ်များကို ရိုင်ဖယ်ဖြင့် ရိုက်နှက်ကြပြီး ဦးခေါင်းကိုလည်း ရိုင်ဖယ်သေနတ် နောက်ပိုင်းဖြင့် ထရိုက်ခံခဲ့ရသည်။ အာဏာပိုင်များက တခြား ထိန်းသိမ်းဖမ်းဆီးထားသူများကိုလည်း ထင်းချောင်းများဖြင့် သူ့အား ရိုက်ရန်အမိန့်ပေးခဲ့သည်။ မိုးရေထဲတွင် အတင်းရပ်ခိုင်းထားပြီး မိုးရေများ မျက်လုံးထဲမဝင်အောင်ခေါင်းခါသည်နှင့် ကန်ကျောက်ကြသည်။ နေ့ရောညပါ တစ်ပတ်ကြာ စစ်ဆေးခံခဲ့ရပြီး အိပ်စက်ခြင်းနှင့် အစားအစာကို လုံလုံလောက်လောက် မရရှိခဲ့ပေ။ စစ်ကြောရေးပြီးနောက် အစာအိမ်နှင့်

အူလမ်းကြောင်းပြဿနာများ၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျားနှင့် တီဘီရောဂါများဖြစ်ပွား နေသော်လည်း ကျန်းမာရေးစောင့် ရှောက်မှု မရရှိခဲ့ပေ။ ၂၀၀၅ ခုနှစ်တိုင်အောင် လွှတ်မပေးခဲ့ပါ။

# မိသားစုဝင်များအား နှိပ်စက်ညှဉ်းပန်းခြင်း

- နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများကို အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ပြောဆိုမှုများနှင့် အမှန်တကယ်အကြမ်းဖက်မှုများရှိသည့်ဖြစ်ရပ်များစွာကို တွေ့ရှိခဲ့ရသည်။ ထိုနှိပ်စက်ညှဉ်းပန်းမှုများသည် အကျဉ်းသားတစ်ဦးစီကိုသာမကဘဲ သူတို့၏ မိသားစုတစ်ခုလုံးအတွက်ပါ စိတ်ဒဏ်ရာရရှိ စေပြီး မိသားစုဝင်များအား ရေရှည်စိတ်ဒဏ်ရာအသွင် ဖန်တီးပြောင်းလဲ စေခဲ့သည်။

- ယခင်က ၉ လေးလုံးလှုပ်ရှားမှုဖြင့် ဆက်စပ်ခဲ့ဖူးသည့်သူတစ်ယောက်ကို ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ပဲခူးစစ်ထောက်လှမ်းရေးများက ဖမ်းဆီးခဲ့သည်။ သူ့ကိုဖမ်းစဉ် သူ့ဇနီးနှင့် ၃ နှစ် အရွယ်သမီးလေးကိုပါ အတူဖမ်းဆီးခဲ့ပြီး သူ့ကို ထောင်ချနှိပ်စက်ညှဉ်းပန်းနေစဉ်အတွင်း သူ့ဇနီး၏အသံကိုဘေးခန်းမှနေ၍ကြားနေရသည်။ ခဏအကြာ သူ့ဇနီး၏အသံတဖြည်းဖြည်းပျောက်သွားပြီး သမီးလေး၏ အဆက်မပြတ်ငိုကြွေးသံကို ကြားခဲ့ရ၏။ သူ့ဇနီးကို သတိမမေ့မချင်း ဗို့အားမြင့်လျှပ်စစ်ဖြင့် ရှော့ရိုက်ခဲ့ကြသည်။ စစ်ထောက်လှမ်းရေးများက သူ့ဇနီးအား သေကာနီးထိ နှိပ်စက်နေသောကြောင့် ဆရာဝန်များက အတင်းအကျပ် တားမြစ်ခဲ့ကြသည်။ ထိုနောက် သူ့ကိုလည်း ဗို့အားမြင့်လျှပ်စစ်ဖြင့်ရှော့ရိုက်နည်းကိုသူ၏လည်ဂုတ်၊တံတောင်ဆစ်များနှင့်ဒူးအဆစ်များတွင် သူသတိမေ့သည်အထိ အသုံးပြုခဲ့ကြသည်။ ဖမ်းဆီးသူများက သူ့ကို ဇနီးနှင့်သမီး သေဆုံးပြီဟု ပြောခဲ့ကြသည်။ ၃ ရက်ကြာ ဘာမှမမေးဘဲ ဆက်တိုက်ရိုက်နှက်ခဲ့ကြသည်။ နောက်ပိုင်း တောင်ငူထောင်တွင် တစ်သက်တစ်ကျွန်းချမှတ်ခံခဲ့ရပြီး ၂၀၁၂ ခုနှစ်မှ လွတ်မြောက် လာခဲ့သည်။

- တိုင်းရင်းသားတက်ကြွလှုပ်ရှားသူတစ်ဦးကို ဖမ်းဆီးပြီး ရန်ကုန်စစ်ထောက်လှမ်းရေးရုံးသို့ ပို့ခဲ့သည်။ ပလတ်စတစ်အိတ်ကိုနှစ်ရက်ကြာခေါင်းတွင်ရစ်ပတ်ထားပြီးရေနစ်ကာရေပေါ်ပေါ်လာသည်နှင့် ရဲကိုင်တုတ်ဖြင့် ရိုက်နှက်ခဲ့ကြသည်။ ရလဒ်အဖြစ် ပြင်းထန်သော ဦးခေါင်းဒဏ်ရာများ

ရရှိခဲ့သည်။ ထို့နောက် သူ့ခေါင်းကို သေနတ်ဖြင့်ချိန်ပြီး မေးမြန်းစေခိုင်းတာကို ပူးပေါင်း ဆောင်ရွက်မှု မလုပ်ဆောင်ပါက သူ့ဇနီးကို လိင်ပိုင်းမတရားကျင့်မည်ဟု ခြိမ်းခြောက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဘိုကလေး စစ်ဘက်တရားရုံးက ၁၉၉၁ ခုနှစ် နိဝင်ဘာလတွင် ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။

■ ၁၉၈၈လူထုအုံကြွမှုအပြီးတွင်မြေအောက်လှုပ်ရှားသူတစ်ယောက်ကိုဖမ်းဆီးပြီးအင်းစိန်ထောင်နှင့် သာယာဝတီထောင်များတွင် ထောင်ဒဏ် ၂၈ နှစ် ကျခံစေခဲ့သည်။ သူ့ကို ရေကြည်အိုင် စစ်ကြောရေးစခန်းတွင် ခေါင်းစွပ်ခြင်း၊ မျက်စိပိတ်မှောင်ထားခြင်း၊ လည်ပင်းကို ကြိုးချည်ပြီး ရိုက်နက်ခြင်းနှင့် ရေနှင့်အစာကို ၃ ရက်ကြာ မပေးခြင်းတို့ကို လုပ်ဆောင်ခံခဲ့ရသည်။ ထိုနောက် အဝတ် အစားများချွတ်ပြီး ကိုယ်တုံးလုံးဖြင့်ထားကာ စစ်ဆေးမေးမြန်းကြသည်။ ညစ်ညမ်းသောစကား များဖြင့် ၁၄ ကြိမ်၊ ၁၅ ကြိမ်လောက် လိင်ပိုင်းဆိုင်ရာ စော်ကားခြိမ်းခြောက်ခံခဲ့ရသည်။ သည်းမခံနိုင်သည့်အဆုံး အစောင့်များကို ကျိန်ဆဲခြင်းများ အော်ဟစ်ခြင်းများကို လုပ်ဆောင်ခဲ့သည်။ သူ့ကို မေ့မြောသည်အထိ ရိုက်နက်ကြသည်။ သူသတိပြန်ရလာသောအခါ သူ့သားသေဆုံးကြောင်း စာအတုကိုပြပြီး စာထဲ၌ အစောင့်များကို သူ အော်ဟစ် ကျိန်ဆိုခဲ့သဖြင့် သတ်ပစ်လိုက်တာဟု ရေးထားကာ သူ့ကို ဆက်လက်ရိုက်နက်ခဲ့ကြသည်။ သူ့ကို လေယာဉ်ပျံပုံ (လက်ကိုဆန့်ထားပြီး ခြေထောက်တစ်ချောင်းတည်းပေါ်တွင် ရပ်စေကာခါးကို ရှေ့သို့ကိုင်းထားသော ပုံ) နှင့် ဆိုင်ကယ်စီးခြင်း (လက်ကို ခန္ဓာကိုယ်ရှေ့တွင်ထားပြီး ဒူးကွေး တစ်ဝက်ထိုင်ပုံ) အနေအထားများတွင် အချိန်ကြာ မြင့်စွာနေခိုင်းပြီး ဖားခုန်လည်း ခုန်ခိုင်းခဲ့ကြသည်။ ထိုဖိစီးမှု ပုံစံများသည် သူရပ်နေရန် ခက်ခဲ လွန်းပြီး လဲကျသွားခဲ့သည်။ အာဏာပိုင် များက သူမြေပေါ် လဲကျသည်နှင့် အဆက်မပြတ် ရိုက်နက် ကြသည်။ သူသည် ၂၀၁၁ ခုနှစ်တိုင်အောင် မလွတ် မြောက်ခဲ့ပေ။

■ ၁၉၉၀ ခုနှစ်တွင် KNU အဖွဲ့နှင့် အဆက်အသွယ်ရှိသောသူတစ်ဦးကို ဖမ်းဆီးပြီး ဘိုကလေး ထိန်းသိမ်းရေးစခန်းတွင် ထားရှိခဲ့သည်။ စခန်းတွင် ထိန်းသိမ်းထားစဉ် နေ့တိုင်းနှိပ်စက်ကြသည်။ စစ်ကြောမေးမြန်းချိန်နှင့် ထိန်းသိမ်းထားချိန်များအတွင်း သူ့ကို လက်ထိပ်ခတ်ခြင်း၊ မျက်စိပိတ်ထားခြင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို ၁၅ ရက်လုံးလုံး ၁၅ မိနစ်တစ်ခါ အဆက်မပြတ် ရိုက်နက်ထိုးကြိတ်ခြင်း၊ ဝါးလုံး ပေတံစောင်းတို့ဖြင့်ရိုက်ခြင်း၊ အတင်းဒူးထောက်ထိုင်ခိုင်းခြင်းများ

စသည့်နည်းမျိုးစုံဖြင့် နှိပ်စက်ကြသည်။ သတိမေ့မြောသည်အထိ ရိုက်နှက်ကြသည်။ သူ့ကို ဝန်ခံဖြောင့်ချက်ရယူနိုင်ရန် ကပ်လျက်အခန်းမှ သူ့ဆွေမျိုးတို့၏ အသံများကို နားထောင်ခိုင်းခဲ့သည်။ အကယ်၍ သူဝန်မခံပါက အာဏာပိုင်များက သူ့ဇနီးနှင့် ကလေးများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ နောက်ပိုင်းတွင် သူ့ကို မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇ (၁)၊ ပြစ်မှုဆိုင်ရာပုဒ်မ ၁၂၂ (၁) ဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် လွတ်မြောက်လာ ခဲ့သည်။

- ၁၉၈၈ ခုနှစ် အကုန်လောက်တွင် တက်ကြွလှုပ်ရှားသူတစ်ယောက်အား စစ်ကြောရေးလုပ်ဆောင်နေစဉ်တွင် သူက စစ်ဆေးနေသူများကို စကားမပြောဆိုဘဲနေသောကြောင့် သူ့အဖေကို လက်ထိပ်ခတ်ပြီး စစ်ကြောရေးအခန်းထဲ ခေါ်ဆောင်လာခဲ့ကြသည်။ ထိုနောက် သူဝန်မခံပါက သူ့အဖေကို ရိုက်နှက်နှိပ်စက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြသည်။

# နှိပ်စက်ညှဉ်းပန်းမှု၏ ကွဲပြားခြားနားသည့် အဖမ်းသပ်ခံပုံစံများ

■ အောက်ပါဖြစ်စဉ်အားလုံးတွင် ပုံမှန်ရိုက်နှက်ခြင်းနှင့် ဖိစီးမှုပုံစံ အနေအထားများအပြင် ကွဲပြားခြားနားသော ပုံစံများကိုလည်း သုံးစွဲခဲ့ကြသည်။ အောက်တွင်ဖော်ပြထားသော အကြောင်းအရာများသည် ပုံမှန်မှတ်သားထားသော ရိုက်နှက်ခြင်း၊ ဖိစီးမှုပုံစံများမှ ကွဲပြားခြားနားပြီး ပိုမိုဆိုးဝါးသည်။

■ လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ဖြူးနေသော ABSDF အဖွဲ့ဝင်တစ်ဦးသည် လုံခြုံရေး အရ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးရန် စီစဉ်နေစဉ် အဖမ်းခံခဲ့ရသည်။ သူ့ကို စစ်ထောက်လှမ်းရေးအဖွဲ့ (၃) သို့ ပို့ဆောင်လိုက်သည်။ ၁၀ ရက်ကြာ သူ့ကို မေးမြန်းနှိပ်စက်ကြသည်။ လက်ထိပ်ခတ်၊ မျက်စိ ပိတ်ထားလျက် အရာရှိနှစ်ယောက်က သူ့ကျောပေါ်တက်လျှောက်ပြီး သံပိုက်လုံးဖြင့် ခြေထောက်ကို သွေးထွက်သည်အထိ ရိုက်နှက်ကြသည်။ အနာပေါ် ဆားသိပ်ပြီး အပေါ်ကနေ ဘွတ်ဖိနပ်ဖြင့် ဖိနင်း ခဲ့ကြသည်။ ထို့နောက် ရဲအရာရှိတစ်ယောက်က မေးရိုးနှင့် လည်ပင်းစပ်တွင် ချိတ်တစ်ခုကိုချိတ်ပြီး ဆန့်ဆန့်ကြီး ရှိနေစေသည်။ သူ့အဝတ်အစားများကို ချွတ်ပစ်ခဲ့ပြီး အရာရှိများက သူ့ကိုမေးမြန်းနေ စဉ် လိင်အင်္ဂါကို ပလတ်စတစ်ပိုက်ဖြင့် ရိုက်နှက်နေခဲ့သည်။ နောက်ပိုင်းတွင် ပဲခူးထောင်၊ အင်းစိန် ထောင်နှင့် သရက်ထောင်များသို့ ပို့ဆောင်ခဲ့ပြီး ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင်မှ လွတ်မြောက်ခဲ့သည်။

■ ၁၉၉၀ ခုနှစ်အကုန်တွင် တက်ကြွလှုပ်ရှားသူတစ်ယောက်ကို အရေးပေါ်အက်ဥပဒေပုဒ်မ ၅ (ည) အရ စွဲချက်တင်ပြီး အင်စိန်ထောင်သို့ ဖမ်းဆီးပို့ဆောင်ခဲ့သည်။ တစ်ကိုယ်လုံးကို ရိုက်နှက်နှိပ်စက်ခံခဲ့ရပြီးနောက် မျက်လုံးဖုံးပိတ်ပြီး ကားတစ်စီးမှထွက်သည့် မီးခိုးငွေ့များကို သတိမေ့မြောသည်အထိ မျက်နှာပေါ် မှုတ်ထုတ်ခံခဲ့ရသည်။

■ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ယောက်ကို အရေးပေါ် အက်ဥပဒေဖြင့် ဖမ်းဆီးပြီး ၁၀ နှစ်ကျော်ကြာ အင်းစိန်ထောင်နှင့် သရက်ထောင်တို့တွင် အကျဉ်းချခဲ့သည်။ သူ့ကို ပန်းပဲတန်းမြို့နယ် ရဲစခန်း၌ ၃ ရက်ကြာစစ်ဆေးစဉ် ဖန်စကွဲများပေါ်တွင် အတင်း

ဒူးထောက်နေခိုင်းခဲ့ကြသည်။ အဝတ်အစားများကို ဆွဲချွတ်ပစ်ခဲ့ကြပြီး ညစ်ပတ်မဲညစ်နေသော ရေကန်သို့ဆွဲခေါ်ကာ ထိုရေအိုင်ထဲတွင် အချိန်အတော်ကြာ ခြင်ကိုက်ခံခိုင်းခဲ့သည်။

- ၂၀၀၈ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်း ဥပဒေပုဒ်မ ၇ အရ လူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး စစ်ဆေးနေသည့်ကာလအတွင်း ၁၅ ကြိမ်မျှ ဓားဖြင့်ထိုးဆွခံခဲ့ရပြီး ရင်ဘတ်တွင် ဒဏ်ရာများ ရရှိခဲ့သည်။ သူ၏မျက်နှာကို တုတ်၊ ကုလားထိုင် ခြေထောက်များနှင့် အမြဲရိုက်နှက် ခြေမွထိုးနှက်နေခဲ့ပြီး စစ်ဆေးနေစဉ် ဖိစီးမှုပုံစံ အနေအထားဖြင့် အတင်းနေခိုင်းခဲ့သည်။

- နိုင်ငံရေးအဖွဲ့အစည်းများတွင် အလုပ်လုပ်ခဲ့သော တက်ကြွလှုပ်ရှားသူတစ်ဦးမှာ အမှောင် ခန်းထဲတွင် ၇ ရက်လုံးလုံး ကြိမ်လုံးဖြင့် ပြင်းပြင်းထန်ထန် ရိုက်နှက်ခံခဲ့ရသည်။ အခြားအကျဉ်းသား ၅ ယောက်လောက်ကလည်း ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြပြီး ဆောင်းရာသီထဲတွင် ဘောင်းဘီတိုမှလွဲပြီး အဝတ်အစား မပါရှိပေ။ မော်လမြိုင်ထောင်၌ တိုက်ပိတ်ခံနေရစဉ်တွင်လည်း ကပ်ကော်များကို အတင်းစားခိုင်းခဲ့ကြသည်။

- ၂၀၀၈ ခုနှစ်တွင် မြေအောက်အုပ်စုတစ်ခုမှ တက်ကြွလှုပ်ရှားသူတစ်ဦးကို လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၃ (၁)၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇ (၁) အရ ထောင်ဒဏ် ၁၃ နှစ် ချမှတ်လိုက်ပြီး စစ်ဆေးနေစဉ်တစ်လျှောက် နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။ သူ့ကို သာမန်ရိုက်နှက် နှိပ်စက်ရုံသာမက သူ၏ ကွန်ပျူတာ စကားဝှက်ကို ပေးရန်ငြင်းဆန်ခဲ့သောကြောင့် မျက်စိကို မီးခြစ် မီးဖြင့် လောင်မြိုက်စေခြင်း၊ လက်ချောင်းများကို တူဖြင့် ထုရိုက် ချိုးဖဲ့ခြင်းများကို ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

- အခြားသောအကျဉ်းသားများကို အင်းစိန်ထောင်ထဲရှိ ညစ်ပတ်နံဆော်ပြီး ကျန်းမာရေးနှင့် မသင့် လျော်သော သေးငယ်ကျဉ်းကျပ်လှသည့် ခွေးလှောင်အိမ်ထဲ ဆွဲသွင်းနေထိုင်ခိုင်းခဲ့သည်။

- ရန်ကုန်တွင် ၁၉၈၈ လူထုအုံကြွမှုအပြီး စစ်ထောက်လှမ်းရေးမှ တက်ကြွလှုပ်ရှားသူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြသည်။ စီးကရက်ဆေးလိပ်မီးဖြင့် ထိုးမြိုက်ပြီး သူ့အရေ

ပြားတက်တူးကို ဓားဦးချွန်ဖြင့် ထိုးဆွ ဖယ်ထုတ်ခဲ့ကြသည်။ နောက်ပိုင်းတွင် နှစ် ၂၀ ပြစ်ဒဏ်ဖြင့် အင်းစိန်ထောင်၊ အိုးဘိုထောင်နှင့် နန်းတွင်းထောင်များ၌ ထောင်ချထားခဲ့ပြီး ၁၉၉၈ ခုနှစ်တွင်မှ လွတ်မြောက်ခဲ့သည်။

- ၂၀၀၃ ခုနှစ်တွင် တက်ကြွလှုပ်ရှားသူတစ်ဦးကို မြဝတီတွင် ဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းရန် ဘားအံသို့ ပို့ဆောင်လိုက်သည်။ ဘားအံရှိ စစ်ထောက်လှမ်းရေးအဖွဲ့သို့ ရောက်သောအခါ မျက်စိပိတ် လက်ထိတ်ခတ်ပြီး ခြေဖျားထောက်နေစေကာ ခြေဖနောက်အောက်တွင် ဆေးလိပ်မီး ကိုထားရှိခဲ့သည်။ သူ့ကို ပူပြင်းသောနေရောင်အောက်တွင် ချွန်မြနေသော ကျောက်စရစ်ခဲလုံးများ ပေါ်ဒူးထောက်နေစေခဲ့သည်။

- တက်ကြွလှုပ်ရှားသူတစ်ဦးဆိုလျှင် သူ၏ လှုပ်ရှားမှုများကြောင့် အကြိမ်ကြိမ် ဖမ်းဆီး ထိန်းသိမ်း ခံခဲ့ရသည်။ ထောင်ထဲတွင် နှိပ်စက်ညှဉ်းပန်းခံရရုံသာမက ရင်ဘတ်ကိုလည်း စစ်မေးသူ တစ်ယောက်က ထိုးနက်သည်ကို ခံခဲ့ရသည်။

- ၈၈၈၈ လူထုအုံကြွတွင် ပါဝင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဒဂုံတက္ကသိုလ်ကျောင်းသားသမဂ္ဂ၌ အမှု ဆောင် ခဲ့သော တက်ကြွလှုပ်ရှားသူတစ်ဦးက သူ့ကို မအိပ်နိုင်အောင် ပုံမှန်ဆောင်ရွက်ခံခဲ့ရ ခြင်း ကို အသေးစိတ်ပြောပြခဲ့သည်။ စစ်ထောက်လှမ်းရေးမှ ၂၆ ရက်ကြာ စစ်ဆေးမေးမြန်းစဉ်တွင် သူ့ မျက်နှာကို ရိုက်နှက်ကန်ကျောက် နင်းခြေခြင်း၊ ရင်ဘတ်ကို ထိုးခြင်းနှင့် သံတုတ်ဖြင့် သူခြေသ လုံးရိုးပေါ် လှိမ့်ခြေခြင်းကို ခံခဲ့ရသည်။ သူ့ကို ၈ ရက်ကြာ အဝတ်မပါ ကိုယ်တုံးလုံးဖြင့် ထားရှိပြီး အိပ်မရအောင် အမြဲလုပ်ဆောင်ခံခဲ့ရသည်။

- ၁၉၈၉ ခုနှစ်တွင် အခြားအကျဉ်းသားတစ်ယောက်ကို ထောက်လှမ်းရေး(၇) စစ်ကြောရေးစခန်း တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျယ်လောင်သောအသံကို အသုံးပြုပြီး နှိပ်စက်ခဲ့ကြသည်။ စစ်မေး နေစဉ် ကျယ်လောင်သောသီချင်းကို နားအနီးကပ်၍ ဖွင့်ထားကြသည်။ ရလဒ်အနေဖြင့် သူ၏ အကြားအာရုံ ရာသက်ပန် ပျက်စီးခဲ့ရသည်။

- အကျဉ်းထောင်အစောင့်များနှင့် စစ်ထောက်လှမ်းရေးများသည် နိုင်ငံရေးအကျဉ်းသားများကို ကွဲပြားခြားနားသော နှိပ်စက်မှုများဖြင့် လုပ်ဆောင်ကြသည်။ ၈၈၈၈ လူထုအုံကြွမှုတွင် ပါဝင်ခဲ့သော တက်ကြွလှုပ်ရှားသူကျောင်းသားတစ်ဦးကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။ သူထောင်ကျနေစဉ် နှိပ်စက်ညှဉ်းပန်းရန် အထူးခန်းတစ်ခန်းသို့ ဆွဲခေါ် သွားခဲ့သည်။ ပထမနေ့ညနေပိုင်းတွင် စစ်မေးသူများက အခန်းထဲဝင် လာပြီး နှိပ်စက်မှုနည်းစနစ်များကို လက်တွေ့လေ့လာနိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။ တစ်ယောက်ပြီး တစ်ယောက် နည်းအမျိုးမျိုး ဖြင့် နှိပ်စက်ခဲ့ကြသည်။ သူတို့အသုံးပြုသည့် နည်းတစ်ခုဆိုလျှင် စက္ကူကို သေးငယ်အောင်လိပ်ပြီး နားထဲသို့ သွေးထွက်သည်အထိ ထိုးသွင်းခဲ့သည်။ ထိုနည်းကြောင့်ပင် သူ့နားတစ်ဖက် ရာသက်ပန် မကြားရတော့ပေ။ ထိုနှိပ်စက် ညှဉ်းပန်းမှု များကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေရန်ပင် ကြိုးစားခဲ့ဖူးသည်။ သူ့ကို သာယာဝတီထောင်တွင် အကျဉ်းချခဲ့ပြီး ၁၉၉၆ ခုနှစ်အထိ လွှတ်မပေးခဲ့ပေ။

# တိရိစ္ဆာန်များကို အသုံးပြုခြင်း

နိုင်ငံရေးအကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းရာတွင် တိရိစ္ဆာန်များကိုလည်း အသုံးပြုခဲ့ကြသည်။ ထိုအသုံးပြုခဲ့မှုများတွင် အင်းစက်ပိုးမွှားများကို အကျဉ်းသား၏ အရေပြားထဲသို့ ဖောက်တွင်းဝင်ရောက်စေခြင်းနှင့် ခွေးများကိုက်အောင် လုပ်ဆောင်မှုတို့ ပါဝင်သည်။ ထိုသို့လုပ်ဆောင်မှုများသည် ထိတ်လန့်နာကျင်ဖွယ်ဖြစ်စေရုံသာမက လူ့ဂုဏ်သိက္ခာ ယုတ်ညံ့စေခြင်းကိုပါ ခံစားရစေသည်။ စစ်ကြောမေးမြန်းနေစဉ်အတွင်း အင်းစက်ပိုးမွှားများကို အသုံးပြုနှိပ်စက်ခံခဲ့ရသည်ဟု နိုင်ငံရေးအကျဉ်းသားများစွာက တင်ပြခဲ့ကြသည်။

- ၁၉၈၈ ခုနှစ်တွင် အဖမ်းခံခဲ့ရသော ABSDF အဖွဲ့ဝင်တစ်ယောက်ကို စစ်ထောက်လှမ်းရေး အဖွဲ့ (၆) က ဆိုးရွားစွာနှိပ်စက်ခဲ့သည်။ သူ၏ ခေါင်း၊ ရင်ဘတ်နှင့် ကျောကို တုတ်ဖြင့် နာရီပေါင်း များစွာ ရိုက်နှက်ကြသည်။ တစ်ခါတစ်ရံ ခြေထောက်ကို ကြိုးများဖြင့်ချည်ပြီး ဇောက်ထိုးဆွဲထားခြင်း သို့မဟုတ် သံတုတ်ကို ပါးစပ်ထဲထိုးထည့်ခြင်းများကို ခံခဲ့ရသည်။ အင်းဆက်ပိုးမွှားများကိုလည်း နှိပ်စက်ရန် အသုံးပြုခဲ့ကြသည်။ အင်းဆက်ပိုးမွှားလေးများကို သူ့ခန္ဓာကိုယ်ပေါ်တွင် တင်ထားပြီး ပန်းကန်လုံးတစ်ခုဖြင့်အုပ်ကာဖုံးအုပ်ထားလိုက်သည်။ အင်းဆက်များမှာ တခြားပြေးစရာအပေါက်မရှိသောကြောင့် အရေပြားကို ထိုးဖောက်ပြီး လွတ်လမ်းရှာရတော့သည်။ ထိုကဲ့သို့လုပ်ခြင်းသည် အလွန်အမင်းနာကျင်စေသော ခံစားမှုကို ဖြစ်စေသည်။

- ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပါဝင်ခဲ့သူတစ်ယောက်က ၁၉၈၉ ခုနှစ် တစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် ပါဝင်ခဲ့သောကြောင့် စစ်ထောက်လှမ်းရေးမှ ၁၉၅၀ အရေးပေါ်အက်ဥပဒေ ၅ (ည) နှင့် ဖမ်းဆီးခဲ့ပြီး ရန်ကုန်တိုင်းအားကစားကွင်းထဲရှိ ယာယီစစ်ကြောရေးစခန်းတွင် စစ်မေးခဲ့သည်။ ရိုက်နှက်ကန်ကျောက်ခံရကာ ဖိစီးမှုအနေအထားဖြင့် အတင်းနေခိုင်းခံရပြီးနောက် အင်းဆက်ပိုးမွှားများ အပြည့်ပါသောခွက်ကို သူ၏ဗိုက်ပေါ် မှောက်ချပြီး ပိုးမွှားများ၏ အချွန်လက်သည်းများဖြင့် ကုတ်ခြစ်ကိုက်ဖဲ့ခြင်းကို ခံခဲ့ရသည်။ ထို့နောက် သူ့အား အဝတ်မပါ ကိုယ်တုံးလုံးဖြင့် တိုင်တစ်တိုင်တွင်ချည်ပြီး တစ်ပတ်ခန့် ရေစက်ချ နှိပ်စက်ခဲ့သည်။ ထို့နောက် သောက်ရေအသန့်မပေးဘဲ ပုပ်သိုးနံဟောင်နေသော ကြွက်သေကောင်ကို ရေဘူးထဲထည့်တိုက်ခဲ့သည်။

# အမျိုးသမီးအကျဉ်းသူများ

မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် အမျိုးသမီးများ မပါသော နိုင်ငံရေးလှုပ်ရှားမှုဟူ၍ မရှိခဲ့ပါ။ ထို့ကြောင့်လည်း အမျိုးသမီး အကျဉ်းသူများစွာတို့သည် နိုင်ငံရေးတွင် ပါဝင်မှုကြောင့် အဖမ်းခံရပြီး ထောင် စောင့်များ စစ်ထောက်လှမ်းရေးများ၏ လက်ထဲတွင် ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ကြရသည် များကို အောက်တွင်ဖော်ပြထားသည်။

- ၁၉၉၁ ခုနှစ်တွင် နိုင်ငံရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်မှုမရှိသည့် ကရင်အမျိုးသမီးတစ်ဦးကို ဖမ်းဆီးပြီး ဘိုကလေးရဲစခန်းတွင် စစ်ကြောမေးမြန်းခဲ့ကာ ထောင်ဒဏ် ၄ နှစ် ချမှတ်ခဲ့သည်။ သူမထောင်ကျနေစဉ် ကလေးမွေးဖွားခဲ့ပြီး သူမနှင့် သူမ၏ကလေးကို သင့်လျော်သော ကျန်းမာရေး စောင့်ရှောက်မှုမပေးခဲ့ကြပါ။ မိခင်နှင့်ကလေးနှစ်ယောက်စလုံးဖျားနာနေစဉ်သူမကထောင်အာဏာပိုင်များကို အကူအညီပေးရန် အဆက်မပြတ်တောင်းဆိုသော်လည်း သူမကို ဆေးလည်း မပေး ဆရာဝန်လည်း မပြပေးခဲ့ကြပေ။ သူမတောင်းဆိုသည့် ဆေးဝါးကို ငြင်းပယ်ရာတွင်လည်း သူမသည် ကရင်အမျိုးသမီး သူပုန်တစ်ယောက်ဖြစ်သောကြောင့် ဒီလိုဖြစ်နေတာနဲ့ပဲတန်တယ်ဟု ပြောဆိုခဲ့ကြသည်။

- ၁၉၉၁ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားမြေအောက်လှုပ်ရှာမှုများတွင် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သော အမျိုးသမီးကို ဖမ်းဆီးခဲ့ပြီး ၅ ရက်ကြာစစ်ကြောမေးမြန်းခဲ့သည်။ စစ်ကြောရေးပထမနေ့တွင် သူမကို နာရီပေါင်းများစွာ လက်ဖြင့် ဖောက်ထိုးရပ်နေရန် အတင်းခိုင်းစေခဲ့သည်။ နောက်တစ်နေ့မနက်စောစောတွင် သူမကိုထားသောအခန်းထဲမှ တရွတ်တိုက်ဆွဲခေါ်သွားပြီး ပျဉ်ပြားဖြင့်ရိုက်နက်ကြရာ ညာဘက်ပေါင်နှင့် တင်ပါးတွင်ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ သူမက မေးခွန်းများကို မသိဟု ဖြေဆိုသောအခါ သူမ၏ခါး ကြားကို ဆောင့်ကန်ကြ သည်။ စစ်ကြောရေးမှူးက "နင့်အမေက နင့်မှာ ကျောက်ကပ်ရောဂါရှိတယ်ပြောလို့ ဒါကြောင့် ခါးကြားကို တမင်ကန်တာ" ဟု ပြောဆိုခဲ့သည်။ စစ်မေးနေသည့်ကာလတစ်လျှောက် သူမကို ရေချိုး ခွင့်မပြုသလို တချိန်လုံး ခေါင်းစွပ် စွပ်ထားခဲ့ပြီး ထမင်းစား ချိန်မှသာ ချွတ်ပေးသည်။ နောက်ပိုင်းတွင် ၁၉၅၀ အရေးပေါ်စီမံ ချက်အက်ဥပဒေ ပုဒ်မ ၅ (ည) အရ

စစ်ခုံရုံးတွင် ထောင်ဒဏ်ချမှတ်ခဲ့ပြီး အင်းစိန်ထောင်ထဲတွင် ၆ နှစ်နေခဲ့ရသည်။

- ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် အမျိုးသမီး အကျဉ်းသူတစ်ဦးကို ဗဟန်းရဲစခန်းက ဖမ်းဆီးပြီး စစ်ကြောရေးစခန်းသို့ ပို့လိုက်သည်။ သူမကို ၂ ရက်ကြာ စစ်မေးနေစဉ်တစ်လျှောက် မျက်စိကို မမြင်ရအောင် ပိတ်ထားပြီး စစ်မေးခဲ့ကြသည်။ သူမကို စစ်မေးနေစဉ်တွင် နှုတ်အားဖြင့် ညစ်ညမ်းစွာ ပြောဆိုမှုနှင့် ခြိမ်းခြောက်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ သူမကို အိပ်မရအောင်လုပ်ထားသောကြောင့် စစ်ကြောရေးကာလတစ်လျှောက် နေ့ညမသိခဲ့ပေ။ အစာနှင့် ရေမပေးခဲ့ဘဲ အိမ်သာထဲမှ ရေကို အတင်းတိုက်ခြင်းခံခဲ့ရသည်။

# အတွေ့တွေ့ကိစ္စများ

အကျဉ်းသားများ၏ ကိုယ်ရေးမှတ်တမ်းများထဲမှ အခြားကိစ္စရပ်များကို အောက်တွင်ဖော်ပြထားသည်။

## အရက်မူးနေသော အရာရှိများ

- သူတို့ကို ရိုက်နက်နေစဉ် အရက်နံ့များရကြောင်း ထောင်စောင့်များသည်လည်း မူးရူးနေကြကြောင်းကို အကျဉ်းသားများစွာက တင်ပြကြသည်။ ဥပမာ ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလတွင် မန္တလေးမြို့၌ တက်ကြွလှုပ်ရှားသူကျောင်းသားတစ်ယောက်ကို ဖမ်းဆီးပြီး တစ်ခါတွင် စစ်ထောက် လှမ်းရေးအဖွဲ့ (၁) မှ တပ်ဖွဲ့ဝင်များသည် အရက်မူးပြီးပြန်လာကာ သူ့ကို ည ၇း၀၀ နာရီ လောက်တွင် စတင်နှိပ်စက်ကြသည်။ သူ့ကို အဝတ်အစားအားလုံး ချွတ်ပစ်ကာ အောက်ခံဘောင်း ဘီသာချန်ပြီး မမြင်ရစေရန် မျက်နှာကို မျက်နှာဖုံးတပ်စေပြီး အဆက်မပြတ် ရိုက်နက်ကြသည်။ သူ့ကို ပြစ်မှု ဆိုင်ရာ ပုဒ်မ ၁၂၂(၁) အရ ပြစ်ဒဏ်ချမှတ်ပြီး ၁၉၉၂ ခုနှစ်တွင်မှ ပြန်လွှတ်ပေးခဲ့သည်။

## စိတ်ထင်တိုင်း အပြစ်ပေးခြင်းများ

- သာယာဝတီထောင်တွင် ယခင်ကတည်းက ကျန်းမာရေးချို့ယွင်းသောပြဿနာ များစွာခံစားနေရသည့် လှုပ်ရှားတက်ကြွသူ အကျဉ်းသားတစ်ဦးကို ခြင်ထောင်ဖြင့်အိပ်သဖြင့် အကျဉ်းထောင်စည်းကမ်း ချိုးဖောက်သည်ဆိုကာ ခြေချင်းတွင် ဒေါက် ၃ ခုထောက် ရိုက်နက်ကာ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

- နောက်ထပ်တက်ကြွသူတစ်ဦးကိုလည်း ထောင်ထဲတွင် ဆေးလိပ်သောက်သည်ကို မိသွားပြီး အပြစ်ပေးသည့်အနေဖြင့် တစ်ကိုယ်လုံးကို ကန်ကျောက်ရိုက်နက်ကာ မရိုက်နက်ခင်တွင်လည်း ဖားခုန်ခုန်ခိုင်းခဲ့သည်။

- သာယာဝတီထောင်နှင့် အင်းစိန်ထောင်တို့တွင် ၃ နှစ်ကျော်ကြာ အပြစ်ပေးခံခဲ့ရသော တက်ကြွသူတစ်ဦးကိုလည်း အလုပ်ကြမ်းဆင်းခိုင်းသည်ကို ဆန့်ကျင်ဆန္ဒပြသဖြင့် တိုက်ပိတ်အပြစ်ပေးခဲ့သည်။ တစ်ကိုယ်လုံးကို သံပိုက်လုံးဖြင့် ရိုက်နှက်ခဲ့ပြီး သံခြေချင်းခတ် ဖိနိပ်ချွတ်ခိုင်းပြီး ပြစ်ဒဏ်ပေးသည့်အခန်းထဲ ပစ်ထည့်ခဲ့ကြသည်။ အတင်းရုန်းကန် ငြင်းဆန်သောအခါ အခန်းထဲမှ ထုတ်ပြီး ဆက်လက်ရိုက်နှက်ကြသည်။ ထို့နောက် ထောင်အာဏာပိုင်များက အပြစ်ပေးခန်းအဝင်ဝ လျှောက်လမ်းတွင် ပျက်စီးကျိုးပဲ့နေသော အုတ်ကျိုးများကို စီချထားပြီး သူ့ကို ထိုအုတ်ကျိုးများ ပေါ်မှ လေးဖက်ထောက်ဝင်စေခဲ့သည်။

# နှိပ်စက်ညှဉ်းပန်းမှု၏ ရေရှည်ထိခိုက်မှုများ

စစ်ကြောရေးစခန်းများနှင့် ထောင်များတွင် နှိပ်စက်ညှဉ်းပန်းခံခဲ့ရသော ရလဒ်အဖြစ် နိုင်ငံရေး အကျဉ်းသားများသည် ရေရှည် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ ထိခိုက်ခံစားနေကြရ သည်။ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ခြင်းကြောင့်လည်းနိုင်ငံရေး အကျဉ်းသားများသည် အကျဉ်းထောင်မှလွတ်ပြီး မကြာမီတွင် နှိပ်စက်ညှဉ်းပန်းခံခဲ့ရမှု ဒဏ်များကြောင့် မသန်စွမ်းမှုမျိုးစုံဖြင့် ဘဝကို ရုန်းကန်နေကြရပေသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများကို အစိုးရ၏ အကူအညီအထောက်အပံ့နှင့် ပြန်လည်ကုစားပေးမှုများ မရှိသောကြောင့် ထိုပြဿနာများကိုရင်ဆိုင်ရာ တွင် တစ်စတစ်စ ပိုမိုခက်ခဲလာရသည်။ အများစုသည် ဈေးကြီးသော ဆေးရုံစရိတ်နှင့် ဆေးဝါးကုန်ကျမှု များကြောင့် ထိရောက်ကောင်းမွန်သည့် ဆေးကုသမှု ရရှိနိုင်သော ဆေးရုံများသို့ တက်ရောက် ကုသပြ သရန် မတတ်နိုင်ကြပေ။ နိုင်ငံရေးအကျဉ်းသားဟောင်း များစွာသည်နှိပ်စက် ညှဉ်းပန်းခံခဲ့ရသောကြောင့် ပြင်းထန်သောဒဏ်ရာဒဏ်ချက်များ ရရှိခဲ့ပြီး အလုပ်လုပ်ကိုင်နိုင်မှု မရှိတော့ သည်ကလည်း ထပ်တိုး ကုန် ကျမှုဖြစ်စေသည်။ ထို့ကြောင့် AAPP မှ နှိပ်စက် ညှဉ်းပန်းခံခဲ့ရပြီး ရုပ်ပိုင်းစိတ်ပိုင်းပြဿနာများစွာကို ရင်ဆိုင်နေရသော နိုင်ငံရေးအကျဉ်းသားဟောင်းများကို လူသားချင်းစာနာမှု အကူအညီ အထောက် အပံ့များပေးပို့ထောက်ပံ့နေသည်။ AAPP နှင့်အတူ ဦးဝင်းတင် ဖောင်ဒေးရှင်းနှင့် နိုင်ငံရေးအကျဉ်းသား များ ကျန်းမာရေးစောင့်ရှောက်မှု စင်တာ(HCPP) ဖောင်ဒေး ရှင်းကလည်း ကျန်းမာရေးစောင့်ရှောက်မှု များကို ထောက်ပံ့ကူညီနေသည်။ အကျဉ်းသားများ၏ နှိပ်စက်ညှဉ်း ပန်းခံရမှု များကြောင့် သူတို့ရင် ဆိုင် ကြုံတွေ့ခံစားနေရသည်များနှင့် AAPP မှ ကူညီထောက်ပံ့နေသော ကျန်းမာရေး ရန်ပုံငွေ များအကြောင်း ကို ဥပမာဖြစ်ရပ်အနည်းငယ် ဖြင့် အောက်တွင် ဖော်ပြထားသည်။

- သွေးတိုးရောဂါ
- ကျောက်ကပ်ရောဂါ
- ဆီးချိုရောဂါ
- နှလုံးရောဂါ

- လေဖြတ်ခြင်း
- အသည်းရောင်အသားဝါ ဘီ
- အာရုံကြောရောဂါ
- အသည်းကင်ဆာ
- စိတ်ဒဏ်ရာ
- နှလုံးသွေးကြောကျဉ်းရောဂါ
- အဆစ်အမြစ်ရောင်ရောဂါ
- အရိုးပွရောဂါ
- လိပ်ခေါင်းရောဂါ
- ခါးနာခြင်း
- နမိုးနီးယား အဆုတ်ရောင်ရောဂါ
- အဆုတ်ရောဂါ
- အိပ်ချိုအိုင်ဗီရောဂါပိုး ကူးစက်ခြင်း
- ငှက်ဖျားရောဂါ
- အဆစ်အမြစ်ရောင် ဂေါက်ရောဂါ
- နားမကြားတော့ခြင်းနှင့် အကြားအာရုံပြဿနာများ

နိုင်ငံရေးအကျဉ်းသားများဟောင်းများစွာသည် ထောင်ကျနေစဉ်နှင့် ထောင်မှလွတ်ပြီးစိတ်ဒဏ်

ရာ ရခြင်း၊ စိတ်ဓာတ်ကျခြင်း စသည့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများကို ရင်ဆိုင် ကြုံတွေ့နေရသည်။ ၎င်းတို့အတွက် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်ကူညီမှုသည် မည်သို့မှလုံလောက် မှုမရှိဆိုသည်ကို ထပ်မံပြောလိုပါသည်။ ထို့ကြောင့်လည်း ၂၀၁၀ ခုနှစ်ကစပြီး AAPP သည် နိုင်ငံရေးအကျဉ်းသားများကဲ့သို့ စစ်အာဏာရှင်လက်ထက် ထိခိုက်ခံစားခဲ့ရသူများကို နှစ်သိမ့်ဆွေးနွေး တိုင်ပင်ပေးခြင်းနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု အစီအစဉ် Mental Health Assistant Program (MHAP) တစ်ခုကို လုပ်ဆောင်လျက် ရှိသည်။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာသည့်အခါ နိုင်ငံရေးအကျဉ်းသားများအတွက် ပြန်လည်ထူထောင်ပေးနိုင်ရန် အစိုးရဦးဆောင်သော အစီအစဉ်မရှိသောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ထောင်ကျသဖြင့် ထိခိုက်သွားခဲ့သည့် ကာလရှည် ရုပ်ပိုင်းစိတ်ပိုင်း လူမှုရေးပိုင်းနှင့် ငွေကြေးပိုင်း ပြဿနာများကို ပြန်လည်ကျော်လွှားနိုင်ရန် အားစိုက်ရုန်းကန်နေကြရသည်။ ၎င်းတို့၏အခက်အခဲများမှာ ထိုမျှနှင့်တင် မပြီးသေးပါ။ ကျေးလက်ဒေသနေ လယ်ယာလုပ်ကိုင်စားသောက်ခဲ့သော လယ်ပိုင်ရှင် နိုင်ငံရေးအကျဉ်းသားတစ်ဦးဆိုလျှင် ထောင်ကျနေစဉ်အတွင်း အာဏာပိုင်များမှ လယ်မြေများကိုသိမ်းပိုက် လိုက်သောကြောင့် သူ၏ သက်မွေးနေထိုင်မှု လုံးဝဆုံးရှုံးသွားသည်ကို တွေ့ရှိရသည်။ ထောင်ချနှိပ်စက်ညှဉ်းပန်းမှုဒဏ်များကြောင့်လည်း ဝမ်းစာရှာဖွေစားသောက်ရန် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများစု၏မိသားစုများသည် သူတို့၏ငွေကြေး၊ လူမှုရေး၊ ပညာရေးများတွင် ယိုယွင်းပျက်စီးမှုများ ကြုံတွေ့နေကြရသည်။ သူတို့၏မိသားစုဝင် ထောင်ချခံထားရသောကြောင့် ငွေကြေးမတတ်နိုင်သဖြင့် မိသား စုတွင်း ကလေးများမှာ ကျောင်းထွက်လိုက်ရပြီး ပညာရေးအခွင့်အလမ်းပျောက် ဆုံးခဲ့ရသည်။

# နှိပ်စက်ညှဉ်းပန်းမှုများကို တားမြစ်ထားသည့် ပြည်တွင်းဥပဒေများ

နှိပ်စက်ညှဉ်းပန်းမှုများကို မြန်မာ့ပြည်တွင်းဥပဒေများဖြင့် တားမြစ်ထားသည်။ "နှိပ်စက်ညှဉ်းပန်းမှု" ဟူသော တိကျသောစကားရပ်ဖြင့် မဖော်ပြထားသော်လည်း မြန်မာပြည်တွင်း ဥပဒေ များက နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်ထားသည်။ "နာကျင်စေမှု" နှင့် "ပြင်းထန်သော နာကျင်စေမှု" ဟူ၍ မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၁၉ နှင့် ၃၂၀ တို့တွင် ဖော်ပြထားသည်။

ထို့အပြင် ပုဒ်မ ၃၃၀ နှင့် ၃၃၁ ဖြင့် ဥပဒေအရ အစိုးရဝန်ထမ်း မည်သူမဆို စုံစမ်းစစ်ဆေးနေစဉ်အတွင်း "နာကျင်စေမှု" နှင့် "ပြင်းထန်သော နာကျင်စေမှု" ကို အထူးတားမြစ်ထားသည်။

ပုဒ်မ ၁၆၆ အရလည်း ပြည်သူ့ဝန်ထမ်းများသည် မည်သည့်ပုဂ္ဂိုလ်ကိုမဆို ထိခိုက်နစ်နာစေရန် ရည်ရွယ်ပြုလုပ်ပါက ထောင်ဒဏ် ၁ နှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်ပေါင်း ကျခံစေ ရမည်ဟု ပါရှိသည်။

အကျဉ်းထောင် အက်ဥပဒေနှင့် ထောင်လက်စွဲ နှစ်ခုစလုံး၌ အထူးအခြေအနေများတွင် ခြားနားသောပြစ်ဒဏ်နည်းလမ်းများ သုံးစွဲခြင်းသဘောသက်ရောက်မှုနှင့် ထိန်းသိမ်းခံများအပေါ်တွင်ထောင်အာဏာပိုင်တို့၏နစ်နာနာကျင်စေရန် လုပ်ပိုင်ခွင့်ကိုတားမြစ်သည့် ပြဋ္ဌာန်းချက် နစ်ရပ်ကိုထည့်သွင်းထားသည်။

အကျဉ်းထောင်အက်ဥပဒေတွင် ဖော်ပြထားသော ပြစ်ဒဏ်များကိုသာ အကျဉ်းသားများအား ပြဋ္ဌာန်းချက်များအရ စီရင်ခွင့်ပြု သတ်မှတ်ထားသည်။ အကျဉ်းထောင်ဥပဒေပုဒ်မ ၄၉ အရ မည်သူမျှ ဥပဒေအရ သတ်မှတ်ထားသော ပြစ်ဒဏ်နည်းလမ်းများထက် ကျော်လွန်ပြီး ထိန်းသိမ်းခံများကို အပြစ်မပေးနိုင်ပေ။

အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ ၅၀ အရ အကျဉ်းသားတစ်ဦးကို ပြင်းထန်သော ပြစ်ဒဏ်ချမှတ်မည်ဆိုလျှင် ပြစ်ဒဏ်မချမီ ထောင်ဆရာဝန်ဖြင့် ထိုသူ၏ ကျန်းမာရေး ကြံ့ခိုင်မှုရှိ မရှိ စစ်ဆေးပြီး ထောက်ခံချက်ယူရမည်ဖြစ်သည်။ ထို့ပြင် အကျဉ်းထောင်လက်စွဲ ပုဒ်မ ၈၂၉ အရ ဤပြဋ္ဌာန်းချက် ကို ပြန်

လည်းဖော်ပြပါရှိသည်။

ထောင်လက်စွဲ ပုဒ်မ ၃၃ အရ အထက်အဆင့်အစိုးရ အာဏာပိုင်များ ဥပမာ ခရိုင်တရား သူကြီး၊ ရဲကော်မရှင်နာ (ရဲမှူး) ၏ အထူးခွင့်ပြုချက် မရရှိဘဲ မည်သည့်အကျဉ်းသားကိုမှ မည်သည့် ရဲအရာရှိ အဆင့်ကမဆို စစ်ဆေးခွင့်မပြုရ၊ စစ်ဆေးခွင့်ရရှိခဲ့လျှင်လည်း ထောင်မှူးတစ်ဦး၏ ရှေ့မှောက်တွင်သာ စစ်ဆေးစေရမည်ဟု ပါရှိသည်။ ထောင်လက်စွဲ ပုဒ်မ ၁၁၃ နှင့် ၈၂၅ တွင် မည်သူ သည် ထိုပြစ်ဒဏ်ကို စီရင်ပိုင်ခွင့်ရှိသည်ဟု အတိအလင်းဖော်ပြထားသည်။

ထို့ပြင် ထောင်လက်စွဲပုဒ်မ ၁၃၂ အရ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းနှင့် ပတ်သက်ပြီး အပြစ်ရှိသူ မည်သည့်ထောင်ဝန်ထမ်းကိုမဆို အကျဉ်းထောင်ဥပဒေ ပုဒ်မ ၅၄ အရ တရားစွဲနိုင်သည်။

ထောင်လက်စွဲ ပုဒ်မ ၁၄၄ အရ မည်သည့်အရာရှိကိုမဆို အကျဉ်းသားတစ်ဦးဦးအား မည်သည့် အကြောင်းပြချက်ဖြင့်မဆို မိမိကိုယ်ကာကွယ်ခြင်း သို့မဟုတ် အခြားသူတစ်ယောက်ကို အကာ အကွယ် ပေးရခြင်း သို့မဟုတ် ဆူပူနှောင့်ယှက်နေသည်မှအပ ရိုက်နှက်ခြင်းမရှိရ၊ လိုအပ်သည်ထက် ပိုမိုသော အင်အားအသုံးပြုခြင်းကိုလည်း မပြုရဟု ပြဋ္ဌာန်းထားသည်။

ထိုသို့တားမြစ်ချက်များရှိနေသော်လည်း စစ်ဆေးမေးမြန်းသူများနှင့် ထောင်အာဏာပိုင်များ သည် ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ပြီး အကျဉ်းသားများကို သူတို့စိတ်ကြိုက် မဆင် မခြင် ပြစ်ဒဏ်ပေးခြင်း နှိပ်စက်ခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

# နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်သည့် နိုင်ငံတကာဥပဒေများ

နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်သည့် နိုင်ငံတကာစာချုပ်များ အများအပြားရှိပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအရ နှိပ်စက်ညှဉ်းပန်းမှုကို ဘယ်အခြေအနေတွင်မဆို ဘယ်လိုအကြောင်းပြချက်ဖြင့်မှ မလုပ်ဆောင်နိုင်ရန် လုံးဝတားမြစ်ထားသည်။ နှိပ်စက်ညှဉ်းပန်းမှုကို တားမြစ်ထားသော စာချုပ်အချို့ကို အောက်တွင်ဖော်ပြထားသည်။

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃
- အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ စာချုပ် (ICCPR) အပိုဒ်(၇)
- လူသားများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ် လူမဆန်စွာ လူ့ဂုဏ်သိက္ခာပျက်ယွင်းစေသော ဆက်ဆံရမှုနှင့် အပြစ်ပေးမှုမှကာကွယ်ရန် ကြေညာစာတမ်း
- ကုလသမဂ္ဂ နှိပ်စက်ညှဉ်းပန်းမှုဆန့်ကျင်ရေး စာချုပ် (CAT)

မြန်မာနိုင်ငံသည် ထိုဥပဒေများ၊ နိုင်ငံတကာ ဓလေ့ထုံးစံ လိုက်နာရမည်များကို လက်မှတ်ရေးထိုး အတည်ပြုထားခြင်း မရှိသေးသော်လည်း နှိပ်စက်ညှဉ်းပန်းမှုကို တာမြစ်ခြင်းသည် လိုက်နာရမည့် စံတစ်ခုအဖြစ် မှတ်ယူရပေမည်။ ဆိုလိုသည်မှာ အစိုးရက ထိုဥပဒေများကို လတ်မှတ်ရေးထိုး ခြင်း မရေးထိုးခြင်းထက် အစိုးရတစ်ရပ်အနေဖြင့် ထိုတားမြစ်ချက်များကို လေးစားလိုက်နာရပေ မည်။

မြန်မာနိုင်ငံသည် နှိပ်စက်ညှဉ်းပန်းမှုကို ပယ်ဖျက်စေသော ထိုနိုင်ငံတကာစာချုပ်များကို လတ်မှတ် ထိုး အတည်ပြုရန် အရေးတကြီးလိုအပ်နေသည်သာမက အစိုးရအနေဖြင့် ကုလသမဂ္ဂ၏ အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များကိုလည်း အတုယူ ချမှတ်ကျင့်သုံး သင့်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဆိုးဝါးနိမ့်ကျလှသော ထောင်အခြေ အနေများ ကြောင့် နှိပ်စက်ညှဉ်းပန်းမှုသည် ရုပ်ပိုင်းဆိုင်ရာ တလွဲကျင့်ကြံမှုသာ ဖြစ်နေသည်မဟုတ်၊ ယခုလို ဆိုးဝါးသော

အခြေအနေတွင် ထောင်ကျနေခြင်းကလည်း နှိပ်စက်ညှဉ်းပန်းနေသကဲ့သို့ ဖြစ်နေပေသည်။ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း လူဦးရေ ထူထပ်ကျပ်ပိတ်နေသည့် အခြေအနေကလည်း ဆိုးဝါးနေပြီး ထိုအခြေအနေသည်လည်း အကျဉ်းသားများကို နှိပ်စက်ညှဉ်း ပန်းနေသည်ဟု AAPP အနေဖြင့် ယခင်ကတည်းက တွေးတောယူဆပါသည်။

# ပြန်လည်ကုစားပေးလျော်ရန် လိုအပ်မှု

အထက်တွင်မြင်တွေ့ခဲ့သည့်အတိုင်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြင်းထန်လှစွာသော တလွဲ ကျင့်သုံးခံခဲ့ရမှုတို့ကြောင့် ထိခိုက်ခံစားနေရသူများကို ပြန်လည်ကုစားပေးလျော်ရန်လည်း လိုအပ်ပေသည်။ ထိုသူတို့ရှန်းကန်ကြိုးပမ်းနေရသည်ကို အသိအမှတ်ပြုပြီး ရုပ်ပိုင်းစိတ်ပိုင်း ထိခိုက်မှုများကို ပြန်လည်ကုစားရန် ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျမှုများကို ပေးနိုင်စေရန် ကုစားပေးရမည် ဖြစ်သည်။ ပြန် လည်ကုစားပေးလျော်ခြင်းသည် ထိခိုက်ခံစားခဲ့ရသူများကို လူ့ဂုဏ်သိက္ခာတရား ပြန်လည်ရ ရှိစေသည်သာမက ထိုကုစားမှုကြောင့် နိုင်ငံအနှံ့ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ ရေးဖြစ်စဉ်ကိုလည်း အထောက်အပံ့ဖြစ်စေပေမည်။ ထို့ပြင် ပြန်လည်ပေးလျော်ကုစားစေခြင်းသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရန် အရေးပါပြီး အတိတ်က ချိုးဖောက်မှုများကိုလည်းပြန်လည်မဖြစ်ပေါ်စေရန် အာမခံမှု တစ်ရပ်ဖြစ်စေသည်။ အမှန်စင်စစ် မြန်မာနိုင်ငံသည် အတိတ်က ဆိုးမွေများကို ဖြေရှင်းခြင်းမပြုဘဲ အပြည့်အဝ ရှေ့ဆက်လျှောက်လှမ်းရန် မလွယ်ကူပါ။

## တောင်အာဖရိကနိုင်ငံ - အမှန်တရား၊ ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေးနှင့် ပြန်လည် ပြုပြင် ကုစားရေးများ

အသားအရောင်ခွဲခြားမှု အဆုံးသတ်ပြီးနောက် တောင်အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားခြင်းဆိုင်ရာ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ အားထုတ်မှုတစ်ရပ်အနေဖြင့် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင် (TRC) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရလဒ်မှာ ၂၀၀၃ ခုနှစ်တွင် တောင်အာဖရိကအစိုးရက TRC ကော်မရှင်အကြံပြုချက်များကိုရယူပြီးTRCကော်မရှင်မှ သတ်မှတ်ပေးသောလူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရမှုများကြောင့် ထိခိုက်ခံရသော နိုင်ငံရေးအကျဉ်းသားတစ်ဦးစီကို အာဖရိကငွေ (Rand) 30,000 (ဒေါ်လာ ၁,၈၉၀) ကို ပေးချေစေခဲ့သည်။ ထပ်မံပြီး ၂၀၁၃ ခုနှစ်တွင် အစိုးရက နှိပ်စက်မှုပုံစံမျိုးစုံကို နောင်တွင် ထပ်မံမကျူးလွန်နိုင်စေရန်နှင့် တရားဝင် ပြီးပြည့်စုံသော ဥပဒေ တစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နှိပ်စက်ညှဉ်းပန်းခြင်းကို တိုက်ဖျက်ကာကွယ်မှု အက်ဥပဒေ တစ်ရပ် စတင်ကျင့်သုံးခဲ့သည်။

ထိုအက်ဥဒေတွင် တောင်အာဖရိကသမ္မတနိုင်ငံသည် –

- နိုင်ငံသားများနှင့် ပြည်သူလူထုအပေါ်တွင် နှိပ်စက်ညှဉ်းပန်းခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သော အရှက်တကွဲ အကျိုးနည်းဖြစ်စေမည့် သမိုင်းတင်ရှိခဲ့ရ ပေသည်။

- ၁၉၉၄ ခုနှစ်မှစတင်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းတွင် အဖွဲ့ဝင်အဖြစ် စတင်ပါဝင်ခွင့် ရရှိခဲ့ ပြီး ထိုအချိန်မှစတင်၍ နှိပ်စက်ညှဉ်းပန်းမှု ကျူးလွန်ခဲ့သူများကို နိုင်ငံတကာဥပဒေ လိုအပ်ချက်များအရ တရားစွဲဆိုခြင်းဖြင့် လူအချင်းချင်းနှိပ်စက်မှုကို ကာကွယ်တိုက်ဖျက်ရန် ကတိကဝတ်ပြုခဲ့သည်။

- ကုလသမဂ္ဂ၏ လူသားများအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ်လူမဆန်စွာ လူ့ဂုဏ်သိက္ခာပျက်ယွင်းစေသော ဆက်ဆံခံရမှုနှင့် အပြစ်ပေးမှုမှ ကာကွယ်ရန် ကြေညာစာတမ်းကိုလည်း လိုက်နာဆောင်ရွက်ရန် ကတိကဝတ်ပြုပါသည်ဟု ပါရှိသည်။

တောင်အာဖရိကနိုင်ငံတွင် TRC ကော်မရှင်သည် နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပြန်လည်လျော်ကြေးပေး ကုစားပေးရန်သာမက နိုင်ငံရေးအကျဉ်းသားဟောင်းများကို အသိအမှတ် ပြုခြင်းလည်း ဆောင်ရွက်ခဲ့သည်။ နောင်အနာဂတ်တွင်လည်း နှိပ်စက်ညှဉ်းပန်းမှုကို တရားဝင် တားမြစ်ပြီး ထိရောက်သောဥပဒေအသစ်များကို ပုံဖော်ရာတွင်လည်း အထောက်အကူဖြစ်ခဲ့သည်။ ထို့ကြောင့် အတိတ်မှပြဿနာများကို သင်ပုန်းချေဆောင်ရွက်နိုင်ပြီး အနာဂတ်တွင် ထပ်မံမပေါ် ပေါက်ရန်ရှောင်ရှားနိုင်ပေမည်။ ထို TRC ကော်မရှင် စံပုံစံကို ပြည်တွင်းစစ် သို့မဟုတ် ပြင်းထန် သော နိုင်ငံရေး ပဋိပက္ခများဖြစ်ပွားခဲ့သည့် သီရိလင်္ကာ၊ နီပေါ၊ ပီရူး စသည့်နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ပြီး ချီးမွမ်းဂုဏ်ပြုခဲ့ကြသည်။ မြန်မာပြည်တွင်လည်း သုံးစွဲသင့်သည့် စံပုံစံတစ်ခု ဖြစ်ပါသည်။

## ဖိလစ်ပိုင်နိုင်ငံ – လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် ပြန်လည်ကုစားပေးလျော်ခြင်း

ဖိလစ်ပိုင်တွင် မားကို့စ်အာဏာရှင်စနစ် အဆုံးသတ်ပြီးနောက် ၂၀၁၃ ခုနှစ်တွင် လူ့အခွင့်အရေး ပြန်လည်အသိအမှတ်ပြုခြင်းနှင့် လျော်ကြေးပြန်လည်ပေးဆောင်ခြင်း အက်ဥပဒေကိုပြဋ္ဌာန်းခဲ့

သည်။ ဤဆောင်ရွက်မှုကြောင့် အစိုးရက လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် လျော်ကြေးနှင့် ပြန်လည်ပေးအပ်ငွေများကို ပေးဆောင်နိုင်စေခဲ့သည်။ ထိုလျော်ကြေးများကို မားကို့စ်၏ ဆွစ်အကောင့်မှ ကျန်ရှိနေသည့်ငွေများဖြင့် ပေးအပ်ခဲ့သည်။ ဖိလစ်ပိုင် ပီဆိုငွေ ၁၀ ဘီလျံကို ထိုလျော်ကြေးပေးအပ်မှုအတွက် ခွဲဝေသုံးစွဲစေခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်ခံရ သူများဘုတ်အဖွဲ့ တစ်ခုကို တောင်းဆိုမှုများ စုဆောင်းရန်နှင့် ပြန်လည်လျော်ကြေးပေးဆောင်နိုင်ရန် ဖန်တီးတည်ထောင်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် ပြန်လည်လျော်ကြေးအတွက် တောင်းဆိုမှုများ ၇၅,၀၀၀ ကျော်ကို လက်ခံဆောင်ရွက်ခဲ့ရပြီး ၁၁,၀၀၀ ကို အတည်ပြုပေးအပ်ခဲ့ သည်။ ထိခိုက်ခံစားရသော ချိုးဖောက်ခံရမှုများနှင့် ပတ်သက်ပြီး အမှတ်ပေးစနစ်ဖြင့် လျော်ကြေး ပမာဏကိုပေးအပ် လုပ်ဆောင်ခဲ့ သည်။ ဥပမာ – အတင်းအဓမ္မခေါ်ဆောင်မှုကြောင့် ပျောက်ကွယ်သွားသူ သို့မဟုတ် သတ်ဖြတ်ခံရသူ မိသားစုများသည် (၁၀) မှတ်၊ နှိပ်စက်ညှဉ်းပန်းမှုခံရသူများသည် နှိပ်စက် ညှဉ်းပန်းခံရသည့် အမျိုးအစားနှင့် ထိခိုက်ခံစားရမှုအလိုက် (၆ – ၉) မှတ်နှင့် မတရား ဖမ်းဆီးချုပ် နှောင်ခံ ရသူများကို (၃ – ၅) မှတ် သတ်မှတ်ပေးခဲ့သည်။ ထိခိုက်ခံစားရသူများသည် အမှတ်တစ်မှတ် အတွက် ဖိလစ်ပိုင် ပီဆိုငွေ ၁၇၉,၇၇၉ (ဒေါ်လာ ၃,၃၉၇ ကျော်) ရရှိခဲ့ကြသည်။

ငွေကြေးနှင့်အတူ လူ့အခွင့်အရေးချိုးဖောက်ခံရသူများသည် ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့မှ လူမှုဖူလုံရေးအကျိုးခံစားခွင့်များလည်း ခံစားခွင့် ရရှိခဲ့ကြသည်။

ဤစံပုံစံသည် မားကို့စ်အစိုးရလက်ထက် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လျော်ကြေးငွေနှင့် အသိအမှတ်ပြုခံရသည်သာမက ထိခိုက်သူများအတွက် လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက် မှုပြဌာန်းချက်တို့ကိုပါ ထောက်ပံ့အားဖြည့်ပေးသည်။ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများသည်လည်း ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ရုန်းကန်နေကြရသဖြင့် ထိုစံပုံစံကို မြန်မာနိုင်ငံတွင် တုပကူးယူ အသုံးပြုနိုင်ပါက နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် ရှင်းလင်းကောင်းမွန်သော အကျိုးကျေးဇူး ရရှိနိုင်ပေမည်။

# နိဂုံးချုပ်

အထက်ပါဖော်ပြချက်များအရ စစ်အာဏာရှင်စနစ်လက်ထက်တွင် နှိပ်စက်ညှဉ်းပန်းခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများသည် လူ့ဂုဏ်သိက္ခာယုတ်လျော့ခြင်း၊ ကာလရှည်ကြာစွာ ထိုဆိုးမွေများကို ပြင်းပြင်းထန်ထန် ခံစားနေရသည်။ အာဏာပိုင်များ၏လက်ထက် နှိပ်စက်ညှဉ်းပန်းမှုနှင့် တလွဲကျင့်ကြံမှုများသည် ပထမအကြိမ် ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည်မှ အဆိုးရွားဆုံး နှိပ်စက်မှုများသည် ကနဦးစစ်ကြောရေးတွင်ဖြစ်သော်လည်း သူတို့ထောင်ကျနေစဉ်တစ်လျှောက် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ထိုနှိပ်စက်ညှဉ်းပန်းမှုများသည် သတင်းအချက်အလက်များ ရယူရန်နှင့် နာကျင်စေရုံမျှမကဘဲအကျဉ်းသား၏စိတ်ဝိညာဉ်ကိုလည်းအရှက်ရပြီးကျိုးပျက်သွားစေရန်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။စစ်အာဏာရှင်စနစ်က ထိုတက်ကြွလှုပ်ရှားမှုများသည် သူတို့ကို ခြိမ်းခြောက်မှုအဖြစ်ရှုမြင်သည်။ အကျဉ်းသားများပြန်လည်လွတ်မြောက်လာပါကလည်းစိတ်ပိုင်းရုပ်ပိုင်းကျိုးပျက်ပြီးစစ်အုပ်ချုပ်မှုကိုပြန်လည်ခြိမ်းခြောက်နိုင်မှု ထပ်မံမရှိတော့စေရန် ဖြစ်စေ ချင်ကြသည်။

ယခုအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားဟောင်းများ ၁၀၃၀၀၀ ကျော်၏ အနည်းငယ်မျှသော အတွေ့အကြုံများသာဖြစ်ပြီး ကျွန်ုပ်တို့ အသေးစိတ်ကောက်ယူထားမှုအရ ကွဲပြားမှုများ ရှိသော်လည်း အများအားဖြင့် တူညီကြသည်။ ထိုကဲ့သို့ ဒီမိုကရေစီရရှိရေး တက်ကြွလှုပ်ရှားသူများကို အဆက်မပြတ် ရိုက်နှက်နှိပ်စက် ညှဉ်းပန်းခဲ့ခြင်းသည် UDHR နှင့် ဂျီနီဗာသဘောတူညီမှု များကိုလုံးဝချိုးဖောက်နေခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ တလွဲကျင့်ကြံမှုနှင့် နှိပ်စက်ညှဉ်းပန်းခံခဲ့ရမှုများကို မေ့ဖျောက်နိုင်မည်မဟုတ်သလို ထိုနိုင်ငံရေးအကျဉ်းသားများ၏ ပေးဆပ်ခဲ့ရမှုများကိုလည်း မေ့ဖျောက်၍ မရနိုင်ပေ။

နှိပ်စက်ညှဉ်းပန်းမှု၏ အကျိုးသက်ရောက်မှုသည် ပြန်လည်လွတ်မြောက်လာရုံမျှဖြင့် အဆုံးမသတ် စေလိုပါ။ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ရုပ်ပိုင်းစိတ်ပိုင်း ကျန်းမာရေးပြဿနာများကိုဆက်လက်နာကျင်ခံစားနေရပြီး အစိုးရအနေဖြင့် ယခုထိ တောင်းပန်ခြင်း၊ ပြန်လည်ထူ ထောင်နိုင်ရန်ကူညီပေးခြင်း၊ ရုပ်ပိုင်းစိတ်ပိုင်းဒဏ်ရာများမှ ပြန်လည်ကောင်းမွန်နိုင်ရန် လုပ်ဆောင်ပေးခြင်းတစ်ခုမျှမရှိသေးပါ။ ထိုကိစ္စအလုံးစုံကို AAPP ကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပေါ်သို့ တစ်စစီကောက်သင်းကောက်စေရန် ချန်ထားလေသည်။ ထိုအရေးကိစ္စများသည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရုံသာ

မပာုတ် သာမန်လူမှုဘဝနေထိုင်မှု အသိုင်းအဝိုင်းသို့ ပြန်လည်ဝင် ရောက်နိုင်ရန်နှင့် လုပ်ငန်းခွင်သို့ ပြန်လည် လုပ်ကိုင်နိုင်စေရန် အမှန်တကယ်စိန်ခေါ်မှုများ ရှိနေပေ သေးသည်။

ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀,၀၀၀ နီးပါးရှိသည်။ အားလုံးသည် စစ်အစိုးရလက်ထက်တွင် ထိခိုက်ခံစားခဲ့ရပြီး ယနေ့တိုင် သင့်လျော်သော လျော်ကြေးနှင့် အသိအမှတ် ပြုမှု မရရှိသေးပါ။ ထိုလျော်ကြေးငွေနှင့် အသိအမှတ်ပြုမှုမရှိဘဲ ဘဝရှေ့ဆက်ရန်မှာ မလွယ်ကူပေ။ အသွင်ကူးပြောင်းရေးကာလတရားမျှတမှု ရရှိရန် ထိုနိုင်ငံရေးအကျဉ်းသားများ၏ ရှန်းကန်လှုပ်ရှားနေရ ခြင်းများနှင့် ရင်နှီးပေးဆပ်ခဲ့ရသည်များကို အသိအမှတ်ပြုရန် အလွန်တရာ အရေးတကြီး လိုအပ်ပေ သည်။

ပိုမိုဆိုးရွားနေသည်မှာ ယနေ့အချိန်ထိ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များတွင် နှိပ်စက်ညှဉ်းပန်းမှုများ ဆက်လက်ဖြစ်ပွားနေပြီး အထူးသဖြင့် စစ်တပ်မှ ဖမ်းဆီးချုပ်နှောင်ထားခံရသူများ သည် သေသည်အထိ နှိပ်စက်ခံနေကြရသည်။ ထိုကဲ့သို့ဖြစ်ရပ်များ ဆက်လက်မဖြစ်ပွား တော့ရန်၊ ထိခိုက် သူများနှင့် သူတို့မိသားစုများကို လျော်ကြေးပေးနိုင်ရန် အားထုတ်ကြိုးပမ်းရ ပေမည်။ ပြန်လည် လျော်ကြေး ပေးစေသော ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပြီး လွှတ်တော်ကိုယ်စားလှယ် များကိုလည်း မြန်မာနိုင်ငံ တွင် နှိပ်စက်ညှဉ်းပန်းမှုကို ထာဝရပယ်ဖျက်နိုင်ရန် နိုင်ငံတကာ လူ့အခွင့် အရေးစာချုပ်များဖြစ်သော ကုလသမဂ္ဂ နှိပ်စက်ညှဉ်းပန်းမှု ဆန့်ကျင်ရေးစာချုပ် (CAT) နှင့် နိုင်ငံ တကာ ပြည်သူ့ရေး ရာနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ် (ICCPR) တို့ကို အမြန် လက်မှတ်ရေးထိုး အတည်ပြုစေရ မည်ဖြစ် သည်။

ဆက်လက်လုပ်ဆောင်ရမည့် နှိပ်စက်ညှဉ်းပန်းကျူးလွန်ခဲ့သူများကို အရေးယူဆောင်ရွက် ရာတွင် သူတို့၏ ဌာနနိုင်ငံရေးယန္တယားအတွင်း ဥပမာ - စစ်တပ်အတွင်းသာ အရေးယူအပြစ်ပေး သကဲ့သို့ မလုပ်ဆောင်စေရပါ။ မြန်မာနိုင်ငံ ပြည်သူ့ရေးရာ ဥပဒေများနှင့် တရားစွဲဆိုပြီး အပြစ်ရှိပါက ထောင်ဒဏ်များ ချမှတ်သင့်သည်။ အရေးပါဆုံးတစ်ခုမှာ ထိုနိုင်ငံရေးအကျဉ်းသားများ၏ နှိပ်စက်ညှဉ်း ပန်းခံရမှုများနှင့် စွန့်လွှတ်အနစ်နာခံခဲ့ရသည်များကို ဘယ်တော့မှ မမေ့သင့် မမေ့အပ်ပေ။

# အကြံပြုချက်များ

မြန်မာနိုင်ငံတော် အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အကြံပြုချက်များ

- နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်၊ နိုင်ငံရေးအကျဉ်းသားများ အား အသိအမှတ်ပြုပြီး နိုင်ငံရေးအကျဉ်းသားဆိုသည်ကိုလည်း ပြဌာန်းပေးရန်

- မတည်မငြိမ် ပဋိပက္ခဖြစ်ပွားနေသောဒေသမှ နေထိုင်သူများကို မတရားဖမ်းဆီးခြင်းနှင့် နှိပ်စက် ညှဉ်းပန်းမှုများကို ရပ်တန့်ရန်

- ထိန်းသိမ်းခံထားရသောသူများကို အစိုးရလုံခြုံရေးအဖွဲ့အစည်းများက နိုင်ငံတကာစံနှုန်း များနှင့် အညီ လုပ်ဆောင်ကိုင်တွယ်ရန်

- လူ့အခွင့်အရေးချိုးဖောက်ခံထားရခြင်းမှ ထိခိုက်ခံစားနေရသူများကို အသိအမှတ်ပြုပေးပြီး ပြန် လည်လျော်ကြေးပေးနိုင်မည့် ဥပဒေတစ်ရပ် ချမှတ်ပေးရန်

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို အသိအမှတ်ပြု တောင်းပန်ပြီး ပြန်လည်ကုစား ဆောင် ရွက်ပေးရန်

- အကျဉ်းထောင်ဥပဒေမူကြမ်းကို အကျဉ်းသားများအား ကိုင်တွယ်ဆက်ဆံသော နိုင်ငံတကာစံ နှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲပေးရန်

- နိုင်ငံတကာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးစာချုပ်နှင့် ကုလသမဂ္ဂ၏ လူသားများ အား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ် လူမဆန်စွာ လူ့ဂုဏ်သိက္ခာ ပျက် ယွင်း စေသော ဆက်ဆံခံရမှုနှင့် အပြစ်ပေးမှုမှ ကာကွယ်ရန် ကြေညာစာတမ်းတို့ကို လက်မှတ် ရေးထိုးအတည်ပြုပေးရန်

- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် အကျဉ်းထောင်နှင့်သက်ဆိုင်သော ဥပဒေများကို ပြန်လည်သုံးသပ်ရန်

- တရားရေးဝန်ကြီးဌာနကို တည်ထောင်ပြီး ထောင်အုပ်ချုပ်ရေးတစ်ခုလုံးကို ထိုဝန်ကြီးဌာန အသစ် လက်အောက်တွင် ပြောင်းရွှေ့ကိုင်တွယ်စေရန်

- အကျဉ်းထောင်ဝန်ထမ်းအားလုံးကို သင့်လျော်သော သင်တန်းများဖြစ်သည့် နိုင်ငံတကာ စံနှုန်းနှင့်အညီ လူ့အခွင့်အရေး၊ အင်အားသုံးစွဲမှု စသည့်သင်တန်းများ ပို့ချသင်ပြထားရန်

## မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများသို့ အကြံပြုချက်များ

- မြန်မာအစိုးရနှင့် ပါလီမန်လွှတ်တော်သို့ နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ချက်ခြင်း အသိအမှတ်ပြုရန် တိုက်တွန်းစည်းရုံးလှုံ့ဆော်ပေးရန်

- မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများကို ရရှိသမျှ ကူညီထောက်ပံ့မှုများ ထောက်ပံ့ကူညီရန်၊ သူတို့၏ အကြောင်းတရားများကို အများပြည်သူသိရှိစေရန် ပြန်လည်လွတ်မြောက်လာစေရန် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ပေးရန်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့ မိသားစုဝင်များ၏ဘဝ ရှင်သန်ရုန်းကန်နေရမှုများကို အသိအမှတ်ပြုပေးပြီး ပြန်လည်ထူထောင် နိုင်ရေးနှင့် ပြည်လည်၍ လူ့အသိုင်းအဝိုင်းနှင့် ပေါင်းစပ်နိုင်ရန် ထောက်ပံ့ကူညီမှုများ ပေးရန်

- မြန်မာအစိုးရနှင့် ပါလီမန်လွှတ်တော်ကိုလည်း UNCAT နှင့် ICCPR ကိုလတ်မှတ်ရေးထိုး အတည်ပြုနိုင်ရန် တိုက်တွန်းနှိုးဆော်ရန်

## နိုင်ငံတကာအသိုင်းအဝိုင်းသို့ အကြံပြုချက်များ

- အထက်ပါအကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ရန် မြန်မာအစိုးရနှင့် ပါလီမန်လွှတ်တော်သို့ တိုက်တွန်းပေးရန်

- နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို မတရားဖမ်းဆီးထောင်ချနေခြင်းကို စောင့်ကြည့်ပြီး ထိုဖမ်းဆီးမှုများကို ရပ်တန့်ရန် မြန်မာအစိုးရကို တိုက်တွန်းပေးရန်

- အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံသားလွတ်လပ်မှုများရရှိရန် တက်ကြွသော ကတိကဝတ် ပြုခြင်းဖြင့် ဆက်လက်အားပေး အကူအညီပေးရန်

- ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေးအတွက် ပူးပေါင်းဆောင် ရွက်ပေးရန်နှင့် ထောက်ခံအားပေးရန်

- နိုင်ငံရေးအကျဉ်းသားများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်၍ လူ့အသိုင်းအဝိုင်းအတွင်း ပေါင်းစည်းနေထိုင်နိုင်ရန် နည်းပညာနှင့် အခြားအထောက်အပံ့ အကူအညီများ ပံ့ပိုးကူညီရန်

- မြန်မာအစိုးရအပါအဝင် နိုင်ငံရေးအကျဉ်းသား အရေးကိစ္စများတွင် လူသားချင်းစာနာ ထောက်ထားရေးအတွက် လုပ်ကိုင်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်